http://www.dhammadownload.com


လူငယ်များ
လူတော်လူကောင်းဖြစ်ရေးလမ်းညွှန်ချက်
သိင်္ဂါလောဝါဒသုတ်၊ လူတို့ကျင့်ဝတ်များ၊
သီလခံယူဆောက်တည်ပုံနှင့်
ရတနာသုံးပါး ဂုဏ်တော်များ၊
လယ်တီမင်္ဂလသုတ္တန် နှင့်
သုံးလူ့ရှင်ပင် ဗုဒ္ဓဝင်လင်္ကာတို့
ပြည့်စုံစွာပါရှိသည်။

တစ်ပြည်လုံးဖြန့်ချိရေး–
မိခင်ရာဝတီ စာအုပ်တိုက် နှင့် ဘုန်းမြင့် ပိဋကတ်စာအုပ်ဆိုင်
ရွှေတိဂုံဘုရားဈေးတော်ရုံ၊ ဖုန်း ၀၁ – ၇၀၁၄၃၁

http://www.dhammadownload.com

မုံရွာမြို့၊ မဟာလယ်တီတိုက်
ကျမ်းပြုအကျော်

# လယ်တီဆရာတော်ဘုရားကြီး
၏
# သုကုမာရမဂ္ဂဒီပနီ



ဒုတိယအကြိမ်

http://www.dhammadownload.com

မုံရွာမြို့

ကျေးရွှေးရှင်

လယ်တီဆရာတော်ဘုရားကြီး

စီရင်ရေးသားအပ်သော

သူငယ်ကောင်းဖြစ်ရေးလမ်းညွှန်

ခေါ်

# သုကုမာရမဂ္ဂဒီပနီ

နှင့်

# လယ်တီမင်္ဂလသုတ္တန်

သုံးလူ့ရှင်ပင်ဗုဒ္ဓဝင်လင်္ကာ

၃-ကျမ်းတွဲ

**လယ်တီရောင်ခြည် ကွန်ပျူတာစာပေ**

လယ်တီဒီပနီ ထွန်းကားပြန့်ပွားရေးအဖွဲ့

မဟာလယ်တီတိုက်၊ မုံရွာမြို့

http://www.dhammadownload.com


Mother Ayeyarwaddy Publishing House

စာမူခွင့်ပြုချက်အမှတ် - ၃၉၆ / ၂၀၀၁ (၆)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်- ၃၈၆ / ၂၀၀၁ (၇)

အကြိမ် - ဒုတိယအကြိမ်

အုပ်ရေ - (၁၀၀၀)

ထုတ်ဝေသူ - ဦးမိုးကြည် (မြ - ၀၉၅၈)

အတွင်းပုံနှိပ် - ရတနာမိုးပုံနှိပ်တိုက် (မြ - ၀၅၇၅၉)

မျက်နှာဖုံးပုံနှိပ် - အင်ကြင်းဦး ပုံနှိပ်တိုက် (မြ - ၀၆၄၂၆)

စီစဉ်သူ - မိခင်ဧရာဝတီစာအုပ်တိုက်မိသားစု

ဖြန့်ချိရေး ⇨ မိခင်ဧရာဝတီစာအုပ်တိုက်
တိုက် (၄)၊ အခန်း (၄၀၂)၊ ကျိုက်တော်အိမ်ရာ၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၁- ၇၀၁၄၃၁

⇨ ဘုန်းမြင့်ပိဋကတ်စာအုပ်ဆိုင်၊ ရွှေတိဂုံဘုရားဈေးတော်ရုံ၊ ရန်ကုန်မြို့။

⇨ မန္တလေးမြို့၊ ထွန်းဦးစာပေ၊ နဂါးစာပေ၊ ရဲရင့်စာပေ၊ မြညွန့်ဆွေစာပေနှင့် ဈေးချိုတော်စာအုပ်ဆိုင်များ။

⇨ ရန်ကုန်မြို့ရှိ ပါရမီစာပေ အပါအဝင် စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါပြီ။

http://www.dhammadownload.com

# အဂ္ဂမဟာပဏ္ဍိတ ဒီလစ် ခေါ် "စာပေပါရဂူ" ဘွဲ့တံဆိပ်တော်ရ




ကျေးဇူးတော်ရှင် ပဌမလယ်တီဆရာတော်ဘုရားကြီး

http://www.dhammadownload.com

လယ်တီဒီပနီ ထွန်းကားပြန့်ပွားရေးအဖွဲ့
သန့်စင် စိစစ်ပြီး စာမူ။

http://www.dhammadownload.com

## မျက်နှာဖုံးဖွင့်ဆိုချက်

စေတီတော်တို့တွင် ပူဇော်ထား
အပ်သော "ရွှေမြူတာအိုး" ဖြစ်
သည်။ အချို့က "ရွှေကြာသွတ်အိုး"
ဟုလည်း ခေါ်ကြသည်။ ကျက်သရေ
မင်္ဂလာ တိုးပွားစေသည်ဟု ယူဆ
ယုံကြည်ကြသည်။

http://www.dhammadownload.com

နိဗ္ဗာန်ရည်ညွှန်းစာမော်ကွန်း

ကျေးဇူးတော်ရှင် ကမ္ဘာကျော်

**လယ်တီဆရာတော်ဘုရားကြီး**

၏

"သုကုမာရမဂ္ဂဒီပနီ" အမည်ရှိ

ဤကျမ်းမြတ်ကို နိဗ္ဗာန်ရည်မှန်း၍

စာချစ်သူ ဗုဒ္ဓဘာသာသွေးများအတွက်

"နိဗ္ဗာန်" လက်ဆောင်ကမ်းလိုက်ရပါသည်။

စာတွေ့ဉာဏ်ယှဉ် လက်တွေ့သိမြင်နိုင်ကြ

ပါစေသတည်း။

မိခင်ဧရာဝတီ

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **သုတ္တမာရမဏ္ဍဒီပနီ** | |
| ၁။ | သိင်္ဂါလောဝါဒသုတ်နိဒါန်း ..... | ၁ |
| ၂။ | ဥစ္စာသည်ပေါက်-၁၁ ..... | ၆ |
| ၃။ | နိစ္စာသည်ပေါက်-၂၈ ..... | ၈ |
| | **ဥစ္စာသ သံပေါက် အစိပ္ပါယ်** | |
| ၄။ | ကမ္မကိလေသတရား ၄-ပါး ..... | ၁၈ |
| ၅။ | အဂတိတရား ၄-ပါး ..... | ၂၀ |
| ၆။ | ပျက်စီးကြောင်းတရား ၆-ပါး ..... | ၂၁ |
| | **နိစ္စာသ သံပေါက် အစိပ္ပါယ်** | |
| ၇။ | ယစ်မျိုးသောက်စားမှု အပြစ် ၆-ပါး ... | ၂၄ |
| ၈။ | ညအခါလမ်းလျှောက်မှု အပြစ် ၆-ပါး.. | ၂၅ |
| ၉။ | ပွဲလမ်းသဘင်ကြူးမှု အပြစ် ၆-ပါး ..... | ၂၇ |
| ၁၀။ | လောင်းကစားကြူးမှု အပြစ် ၆-ပါး ... | ၂၉ |
| ၁၁။ | ပျင်းရိခြင်း အပြစ် ၆-ပါး ..... | ၃၁ |

http://www.dhammadownload.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂။ | မိတ်မကောင်းနှင့်ပေါင်းဖော်ခြင်း အပြစ် ၆-ပါး ..... | ၃၂ |
| ၁၃။ | မိတ်ဆိုး-မိတ်တု ၄-ယောက် ..... | ၃၄ |
| ၁၄။ | မိတ်ကောင်း-မိတ်စစ် ၄-ယောက် ..... | ၄၁ |
| ၁၅။ | အရပ်ဒိသာ ၆-မျက်နှာ ..... | ၄၇ |
| ၁၆။ | အရပ်ဒိသာ ၆-မျက်နှာကို ရှိသေစွာရှိခိုးမှု ..... | ၄၈ |
| | (က) သားသမီးတို့က ပြုရာသော ဝတ် ၅-ပါး ..... | ၄၈ |
| | (ခ) မိဖတို့က ပြုရာသော ဝတ် ၅-ပါး ..... | ၅၀ |
| | (ဂ) တပည့်တို့က ပြုရာသော ဝတ် ၅-ပါး ..... | ၅၁ |
| | (ဃ) ဆရာသမားတို့က ပြုရာသော ဝတ် ၅-ပါး .... | ၅၂ |
| | (င) လင်ယောက်ျားတို့က ပြုရာသော ဝတ် ၅-ပါး .... | ၅၄ |
| | (စ) အိမ်သူမယားတို့က ပြုရာသော ဝတ် ၅-ပါး ..... | ၅၅ |

http://www.dhammadownload.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | (ဆ) အဆွေခင်ပွန်းတို့၌ အမျိုးသားတို့က ပြုရာသောဝတ် ၅-ပါး ... | ၅၆ |
| | (ဇ) အဆွေခင်ပွန်းတို့က ပြုရာသော ဝတ် ၅-ပါး ..... | ၅၇ |
| | (ဈ) အရှင်ဖြစ်သူက ပြုရာသော ဝတ် ၅-ပါး ..... | ၅၈ |
| | (ည) ကျွန်အမှုလုပ်တို့က ပြုရာသော ဝတ် ၅-ပါး ..... | ၆၀ |
| | (ဋ) ဒါယကာတို့က ပြုရာသော ဝတ် ၅-ပါး ..... | ၆၁ |
| | (ဌ) ရသေ့ ရဟန်းတို့က ပြုရာသော ဝတ် ၆-ပါး ..... | ၆၂ |
| ၁၇။ | ဒုစရိုက် ၁၀-ပါး-သုစရိုက် ၁၀-ပါး ... | ၆၇ |
| ၁၈။ | သြကာသဆိုပုံ ..... | ၇၄ |
| ၁၉။ | နမော တဿ ပါဌ်၊ အနက် ..... | ၇၆ |
| ၂၀။ | သရဏဂုံ ပါဌ်၊ အနက် ..... | ၇၇ |
| ၂၁။ | ၅-ပါးသီလ ပါဌ်၊ အနက် ..... | ၇၈ |
| ၂၂။ | ၈-ပါးသီလ ပါဌ်၊ အနက် ..... | ၈၁ |
| ၂၃။ | သုစရိုက် ၁၀-ပါး ..... | ၈၃ |

http://www.dhammadownload.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၄။ | ပုညကြိယာ ဝတ္ထု ၁၀-ပါး ..... | ၈၄ |
| ၂၅။ | ပါရမီ ၁၀-ပါး ..... | ၈၆ |
| ၂၆။ | ဗြဟ္မဝိဟာရ တရား ၄-ပါး၊ ဗောဓိ ၃-ပါး ..... | ၈၇ |
| ၂၇။ | ဘုရားဂုဏ်တော် ၉-ပါး ..... | ၈၈ |
| ၂၈။ | တရားဂုဏ်တော် ၆-ပါး ..... | ၉၂ |
| ၂၉။ | သံဃာ့ဂုဏ်တော် ၉-ပါး ..... | ၉၅ |
| ၃၀။ | ယောကျ်ားကလေးများ ဆုတောင်း .... | ၁၀၁ |
| ၃၁။ | မိန်းကလေးများ ဆုတောင်း ..... | ၁၀၄ |
| ၃၂။ | သတိပြုရန်အချက်များ ..... | ၁၀၆ |
| ၃၃။ | နေ့စဉ်အန္တရာယ်ကင်းရှင်းရန် ညွှန်ကြားချက် ..... | ၁၁၂ |
| ၃၄။ | ပရိတ်ရွတ်နည်း ..... | ၁၁၃ |
| ၃၅။ | နိဂုံး ..... | ၁၁၄ |

## လယ်တီ မင်္ဂလသုတ္တန်

| | | |
|---|---|---|
| ၃၆။ | မင်္ဂလသုတ် နိဒါနကထာ ..... | ၁၁၆ |
| ၃၇။ | ဒေဝတာ ယာစနကထာ ..... | ၁၁၇ |
| ၃၈။ | ဗုဒ္ဓဘာသိတ ကထာ ..... | ၁၁၇ |

http://www.dhammadownload.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၃၉။ | မင်္ဂလသုတ်နိဿယ | |
| | နိဒါနကထာအနက် | ..... ၁၂၀ |
| ၄၀။ | ဒေဝတာ ယာစနကထာအနက် | ..... ၁၂၂ |
| ၄၁။ | ဗုဒ္ဓဘာသိတကထာ အနက် | ..... ၁၂၃ |
| ၄၂။ | နိဂုံး | ..... ၁၃၈ |

## သုံးလှူ့ရှင်ပင် ဗုဒ္ဓဝင် လင်္ကာ

| | | |
| --- | --- | --- |
| ၄၃။ | ခုနစ်နေ့ဘုရားရှိခိုး | ..... ၁၃၉ |
| ၄၄။ | ဆုတောင်း | ..... ၁၄၃ |
| ၄၅။ | အမျှဝေ | ..... ၁၄၅ |

မာတိကာပြီး၏။

http://www.dhammadownload.com

# မုံရွာမြို့
# ပထမ လယ်တီဆရာတော်ဘုရားကြီး
## ထေရုပ္ပတ္တိအကျဉ်းချုပ်

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးသည် မြန်မာသက္ကရာဇ် ၁၂၀၈–ခုနှစ်၊ နတ်တော်လဆန်း ၁၃–ရက်၊ အင်္ဂါနေ့တွင် ဒီပဲယင်းမြို့နယ် စိုင်ပြင်ရွာ၌ ဖွားမြင်တော်မူခဲ့သည်။ ခမည်းတော်မှာ ဦးထွန်းသာဖြစ်၍ မယ်တော်မှာ ဒေါ်ကြုံဖြစ်သည်။

ငယ်မည်မှာ မောင်တက်ခေါင်ဖြစ်၍ အသက် ၁၅–နှစ်အရွယ်၌ ရှင်သာမဏေပြုရာ ဘွဲ့အမည်မှာ ရှင်ဉာဏဓဇ ဖြစ်သည်။ ဆရာတော်လောင်းလျာသည် စာကြည့်ဝါသနာပါ၍ သာမဏေဘဝကပင် ရတုကဗျာနှင့် ကျမ်းစာများ ရေးသားပြုစုခဲ့ပေသည်။

သက္ကရာဇ် ၁၂၂၈–ခု၊ ကဆုန်လဆန်း

http://www.dhammadownload.com

# ထေရုပ္ပတ္တိအကျဉ်းချုပ်

၆–ရက်နေ့တွင် စိုင်ပြင်ရွာ ကျောင်းမကျောင်း ခဏ္ဍသိမ်၌ ဆရာတော် အရှင်နန္ဒကို ဥပဇ္ဈာယ် ပြုကာ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ထို့နောက် မန္တလေး ရတနာပုံနေပြည်တော် စံကျောင်းတိုက်၌ သီတင်းသုံး၍ ဝိနည်း ပါဠိ တော် အဋ္ဌကထာများနှင့် အဘိဓမ္မာ အဋ္ဌကထာ ၃–ကျမ်းကို သင်ယူတော်မူသည်။

၁၂၄၈–ခုနှစ်တွင် မုံရွာမြို့အနီး လယ်တီ တောအုပ်ကြီး၌ ကျောင်းတိုက်တည်ထောင်၍ ရဟန်းသာမဏေများအား စာပေပို့ချခဲ့သည်။ ဆရာတော်ကြီးသည် ပါရမီဒီပနီ အပါအဝင် ဒီပနီကျမ်းပေါင်း များစွာကို ရေးသားပြုစုခဲ့၍ ပရမတ္ထဒီပနီ လယ်တီဋီကာကို မြန်မာနိုင်ငံ ဗုဒ္ဓသာသနာ့သမိုင်းတွင် စာပေမှတ်တိုင် တစ်တိုင်အဖြစ် သုတေသီတိုင်းက အသိ အမှတ်ပြုခံရ၏။

မိခင်ဇရာဝတီ

http://www.dhammadownload.com

## ထေရုပ္ပတ္တိအကျဉ်းချုပ်

ဆရာတော်ကြီးသည် လယ်တီတိုက် တည်ထောင်၍ စာပေပို့ချတော်မူပြီးနောက် ၁၂၅၇–ခုနှစ်လောက်မှစ၍ မြန်မာနိုင်ငံ အရပ်အရပ်သို့ လှည့်လည်ကြွရောက်တော်မူပြီး ဝိပဿနာတရား ဟောကြားတော်မူခဲ့သည်။ နွားမေတ္တာစာရေး၍ နွားသားရှောင်ကြဉ်ရေး ဟောပြောတော်မူခဲ့သည်။ မြန်မာနိုင်ငံ အရပ်ရပ်သို့သာမက ၁၂၇၅–ခုနှစ်တွင် နိုင်ငံခြား ဗုဒ္ဓသာသနာပြု အသင်းကြီး တည်ထောင်၍ နိုင်ငံရပ်ခြား တိုင်းတစ်ပါးသို့ ဗုဒ္ဓသာသနာတော် ပျံ့နှံ့ရောက်ရှိရေးအတွက် ကြိုးပမ်းခဲ့ပြန်သည်။

ဤကဲ့သို့ သာသနာတော်အတွက် အားသွန်ခွန်စိုက် ကြိုးပမ်းအားထုတ်တော်မူခဲ့သဖြင့် ၁၂၇၇–ခုနှစ်၊ တန်ဆောင်မုန်း လဆန်း ၁–ရက်နေ့တွင် မြန်မာနိုင်ငံအစိုးရ၏ "အဂ္ဂမဟာပဏ္ဍိတ"

မိခင်ဇရာဝတီ

http://www.dhammadownload.com

# မိခင်ဧရာဝတီစာအုပ်တိုက်မှ

## မကြာမီ ဆက်လက်ထွက်ရှိလာမည့်

## ကျမ်းစာအုပ်ကောင်းများ

| | | |
|---|---|---|
| ၁။ | ပါရမီဒီပနီ | လယ်တီဆရာတော် |
| ၂။ | ရောဂန္တရဒီပနီ | လယ်တီဆရာတော် |
| ၃။ | ကမ္မဋ္ဌာနဒီပနီ | လယ်တီဆရာတော် |
| ၄။ | မဂ္ဂင်ဒီပနီ | လယ်တီဆရာတော် |
| ၅။ | ဓမ္မနှင့်ဂုဏ်အဖွဲ့စုံ | သပြေကန်ဆရာတော် |
| ၆။ | ဆ ဆက္ကသုတ္တန် တရားတော် | သပြေကန်ဆရာတော် |
| ၇။ | ဥပါသကာဂုဏ်ရည်နှင့် သရဏဂုံတရားတော် | သပြေကန်ဆရာတော် |

သပ်ယပ်သန့်ရှင်း ခိုင်ခံ့သော ချုပ်လုပ်မှု
အပြင်အဆင်နှင့် စာဖတ်သူ လက်သို့အရောက်
မကြာမီ ပို့ပေးပါတော့မည်။

http://www.dhammadownload.com

# ထေရုပ္ပတ္တိအကျဉ်းချုပ်

ဘွဲ့တံဆိပ် ဆက်ကပ်လှူဒါန်းခြင်း ခံရ၏။

၁၂၈၃–ခုနှစ်၊ နတ်တော်လတွင် မြန်မာပြည်ဘုရင်ခံက စာပေပါရဂူ (ဒီလစ်)ဘွဲ့တံဆိပ် ဆက်ကပ်လှူဒါန်းသည်ကို ခံယူရရှိတော်မူသည်။

၁၂၈၅–ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၅–ရက် (လပြည့်) ဗုဒ္ဓဟူးနေ့ ၂–နာရီ ၃၀–မိနစ်အချိန်တွင် ပျဉ်းမနားမြို့၌ သီတင်းသုံးတော်မူစဉ် စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူသည်။

မိခင်ဇရာဝတီ

၁(A)

http://www.dhammadownload.com

# သုကုမာရမဂ္ဂဒီပနီ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

## သိင်္ဂါလောဝါဒသုတ်
### နိဒါန်း

လူသုံးပါးတို့၏ ပတ္တမြားမကိုဋ် အမြိုက်ဥသျှောင် မင်းခေါင်မင်းဖျား မင်းတရားကြီးဖြစ်တော်မူသော အစိန္တေယျ သုံးလူ့ထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသည် တစ်ရံရောအခါ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ကိန်းအောင်း စမွယ်တော်မူသတည်း။

ထိုအခါ သိင်္ဂါလ အမည်ရှိသော သူကြွယ်သားသည် နံနက်စောစောထလျက် ရာဇဂြိုဟ်မြို့တွင်းမှ ထွက်၍ စိုစွတ်သော အဝတ်,-စိုစွတ်သော ဦးဆံ, မြှောက်ချီသော လက်အုပ်ရှိသည်

မိခင်ရောဝတီ

http://www.dhammadownload.com



ဖြစ်၍ အရှေ့အရပ်, တောင်အရပ်, အနောက်အရပ်, မြောက်အရပ်, အောက်အရပ်, အထက်အရပ် တည်းဟူသော အရပ်ဒိသာ ၆-မျက်နှာတို့ကို လှည့်လည်ကာ ရှိခိုးလျက်နေလေ၏။

မြတ်စွာဘုရားသည် နံနက်အခါ၌ ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်အံ့သောငှာ ဝေဠုဝန်ကျောင်းတော်မှထွက်၍ ခြေစကြာနှစ်လီ ကြွချီတော်မူလတ်သော် အရပ်ဒိသာ ၆-မျက်နှာတို့ကို လှည့်လည်ကာ ရှိခိုး၍နေလေသော သူကြွယ်သားကို ဤသို့မိန့်တော်မူ၏။

မိန့်တော်မူပုံ ။ ။ "သိင်္ဂါလ-ဟု နာမထင်ရှား သူကြွယ်သား. . . သင်သည် စိုစွတ်သော အဝတ်, စိုစွတ်သော ဦးဆံ, မြောက်ချီသော လက်အုပ်ရှိသည်ဖြစ်၍ အရပ်ဒိသာ ၆-မျက်နှာတို့ကို လှည့်လည်ကာ ရှိခိုးသည်ကား အကြောင်းအသို့နည်း" ဟု မေးတော်မူလေ၏။

မိခင်ရောပတိ

http://www.dhammadownload.com



ထိုအခါ သိင်္ဂါလ အမည်ရှိသော သူကြွယ်သားက ဤသို့နားတော်လျှောက်၏။

လျှောက်ထားပုံ။ ။ "ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော သဗ္ဗညုမြတ်စွာဘုရား. . . အကျွန်ုပ်၏ အဖဖြစ်သူသည် ဘဝတစ်ပါး ပြောင်းသွားသေလွန်မည်ရှိရာ အကျွန်ုပ်ကိုခေါ်၍ 'ငါ၏သားကြီး-ချစ်မငြိး. . . အရပ်ဒိသာ ၆-မျက်နှာတို့ကို ရှိသေစွာ စိတ်စွဲ၍ အမြဲရှိခိုးရစ်လော့' ဟု အဆုံးစွန်စကားကို မှာကြားခဲ့ပါသည်၊ ထိုအကြောင်းကြောင့် အဖမှာကြားခဲ့သော အဆုံးစွန်စကားကို လေးစားကြည်ညို ပူဇော်လို၍ စိုစွတ်သောအဝတ်, စိုစွတ်သောဦးဆံ, မြှောက်ချီသော လက်အုပ် ရှိသည်ဖြစ်၍ အကျွန်ုပ်သည် အရပ်ဒိသာ ၆-မျက်နှာတို့ကို လှည့်လည်ကာ ရှိခိုးရပါကြောင်းနှင့်" လျှောက်ထားလေ၏။

http://www.dhammadownload.com



ထိုအခါ မြတ်စွာဘုရားက ဤသို့ မိန့်တော်မူ၏။

**မိန့်တော်မူပုံ။** ။ "သိင်္ဂါလ-ဟု နာမထင်ရှား သူကြွယ်သား --အရပ်ဒိသာ ၆-မျက်နှာတို့ကို ရိုသေစွာစိတ်စွဲ၍ အမြဲရှိခိုးရစ်လော့-ဟု အဆုံးစွန်စကားသင့်အဖ မှာကြားသော အရာသည် ရှေ့, နောက်, တောင်, မြောက်, အောက်, အထက်-ဟူသော အရပ်ဒိသာ ၆-မျက်နှာတို့ကို မှာကြားလိုသည်မဟုတ်၊ ငါဘုရား၏ သာသနာမှာလည်း အရပ်ဒိသာ ၆-မျက်နှာရှိသည်၊ ထိုအရပ်ဒိသာ ၆-မျက်နှာတို့ကို ရိုသေစွာစိတ်စွဲ၍ အမြဲရှိခိုးရမည်-ဆိုသည်မှာလည်း လက်အုပ်ချီမိုး၍ ရှိခိုးသည်ကို မှာဆိုခဲ့သည် မဟုတ်" ဟု မိန့်တော်မူလေ၏။

ထိုအခါ သိင်္ဂါလ သူကြွယ်သားက ဤသို့ နားတော်လျှောက်၏။

မိခင်ဧရာဝတီ

http://www.dhammadownload.com



လျှောက်ထားပုံ။ ။ "ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား. . . အရပ်ဒိသာ ၆-မျက်နှာ ဆိုသည်ကား အဘယ်ကို ဆိုလိုပါသနည်း? ရိုသေစွာစိတ်စွဲ၍ အမြဲရှိခိုးရမည် ဆိုသည်ကား -အဘယ်သို့ ပြုသည်ကို ဆိုလိုပါသနည်း? ဤအရာကို မလိမ္မာသူ အကျွန်ုပ်အား ကရုဏာရှေ့ထား၍ ဟောကြားဖော်ပြတော်မူပါ" ဟုလျှောက်ထား တောင်းပန်ပြန်လေ၏။

ထိုအခါ အိမ်၌နေသူ လူ, ဂဟဋ္ဌ အပေါင်းတို့အား လူကောင်းစင်စစ် ဖြစ်ဖို့အမှန် ကြည်ရှောင်ရန်တရား တစ်ဆယ့်လေးပါးတို့နှင့်တကွ သူကြွယ်သား တောင်းပန်ချက်ကို ဆက်လက်ထုတ်ဖော် ဟောကြားတော်မူပေသတည်း။

[အမိ အဖ- စသည်ကို အရပ်ဒိသာ ၆-မျက်နှာ ဆိုသည် အမိဝတ် အဖဝတ် စသည်ကို နေရာတကျပြုမူသည်၊ အရပ်ဒိသာ ၆-မျက်နှာကို ရှိခိုးခြင်းမည်၏ ဟု အကျဉ်းမှတ်လင့်။]

နိဒါန်းပြီး၏

မိခင်ရောဝတီ

http://www.dhammadownload.com



## ဥဒ္ဒေသ သံပေါက်-၁၁

[ယခုအခါ ဒီဃနိကာယ် သိင်္ဂါလောဝါဒသုတ်၌ သိင်္ဂါလအမည်ရှိသော ထိုသူကြွယ်သားအား မြတ်စွာဘုရားသည် ဟောကြားဆုံးမတော်မူအပ်သော ဂိဟိဝိနယတရားကို သံပေါက်လင်္ကာဖြင့် ကောင်းစွာဖော်ပြပေအံ့]

ရှောင်ကြဉ်ရမည့် ကမ္မကိလေသ တရား-၄-ပါးအကျဉ်း

၁။ သက်သတ်, ခိုးဝှက်၊ အိမ်ရာဖျက်၊ နှုတ်ထွက် မမှန်ငြား။

၂။ လေးတန်ညစ်ကျူ၊ မကောင်းမှု၊ မပြုကြဉ်ရှောင်ရှား။

အဂတိတရား-၄-ပါးအကျဉ်း

၃။ ချစ်, မုန်း, ကြောက်မှု၊ မသိမှု၊ လေးခုအလိုက်မှား။

၄။ အဂတိလေး၊ ကင်းစင်ဝေး၊ ပြုရေးမှန်ဖြောင့်သား။

မိခင်ရောဝတီ

http://www.dhammadownload.com



ပျက်စီးကြောင်းတရား၊ ၆-ပါး အကျဉ်း

၅။ ယစ်မျိုးသောက်ကြူး၊ သဘင်ကြူး၊
လောင်းကြူး ညဉ့်လည်များ။

၆။ မိတ်ဆွေ မကောင်း၊ ပျင်းအားကောင်း၊
အကြောင်း ဤခြောက်ပါး။

၇။ ဥစ္စာမွဲရေး၊ မြန်မနှေး၊ ဝေးစွာ ကြဉ်
ရှောင်ရှား။

အရပ်မျက်နှာ-၆-ပါးအကျဉ်း

၈။ မာတာပိတာ၊ ရှေ့ဒိသာ၊ ဆရာ
တောင်ရပ်ပြား။

၉။ သား, မယားလျှင်၊ အနောက်ခွင်၊
မိတ်သင် မြောက်အလား။

၁၀။ ကျွန်ကျေးအောက်ဟူ၊ အထက်မူ၊
သူမြတ် ရဟန်းပုဏ္ဏား။

၁၁။ အရပ်ဒိသာ၊ ခြောက်မျက်နှာ၊
လုံ့စွာဆို့ပိတ်ထား။

ဥဒ္ဒေသသံပေါက် ၁၁-ပြီး၏

မိခင်ရောဝတီ

http://www.dhammadownload.com



# နိဒ္ဒေသ သံပေါက်-၂၈

### ယစ်မျိုးသောက်စားမှု အပြစ်-၆-ပါး အကျယ်

၁။ ဥစ္စာပျက်ခြား၊ ခိုက်ရန်ပွါး၊ များတုံ ရောဂါစု။
သတင်းယုတ်မာ၊ အရှက်ကွာ၊ ပညာဆုတ်ယုတ်မှု၊
ယစ်မျိုးကြူးငြား၊ သူတို့အား၊ ခြောက်ပါး
အပြစ်ရှု။

### ညဥ့်အခါ လမ်းလျှောက်မှု အပြစ်-၆-ပါး အကျယ်

၂။ မိမိသား, မယား၊ ဥစ္စာအား၊ သုံးပါး
အစောင့်ဝေး။
မသင်္ကာဖွယ်၊ မှုရောက်လွယ်၊ သွယ်သွယ်
ဒုက္ခရေး။
ညဥ့်လမ်းလျှောက်သူ၊ မတော်လူ၊ ပြစ်မှု
ခြောက်ပါးထွေး။

http://www.dhammadownload.com



ပွဲသဘင်ကြူးမှု အပြစ်-၆-ပါး အကျယ်

၃။ ကခြင်း, သီခြင်း၊ တီးမှုတ်ခြင်း၊ သာချင်း ဇာတ်ဝတ္ထု။
လက်ခုပ်အိုးစည်၊ သဘင်လည်၊ ခြောက်မည် အပြစ်စု။

လောင်းကစားကြူးမှု အပြစ်-၆-ပါး အကျယ်

၄။ နိုင်သူမှာ ရန်၊ ရှုံးပူပန်၊ အမှန် ဥစ္စာပြုန်း။
ပွဲလယ်စကား၊ မတည်ငြား၊ ထိမ်းမြား ပယ်ရိုးထုံး။
မျိုးဆွေနှိပ်စက်၊ အံကြူးနက်၊ ခြောက်ချက် အပြစ်နှုန်း။

ပျင်းရိခြင်း-၆-ပါး အကျယ်

၅။ အေးသည်ပူသည်၊ မိုးချုပ်သည်နှင့်၊ စောသည့်,
ဆာသည်၊ ပြည့်အင့်သည်၊
ခြောက်မည် လူပျင်းမျိုး။

http://www.dhammadownload.com



မိတ်မကောင်းနှင့် ပေါင်းဖော်ခြင်း အပြစ်-၆-ပါး အကျယ်

၆။ အံကြူး, ထိကြူး၊ ယစ်မျိုးကြူး၊ သုံးဦး
လူပျက်မျိုး။
လိမ်လည်နှစ်ပါး၊ ခိုးသား, ဓားပြ၊
ဤခြောက်ဝ၊ ပါပ မိတ်ဆွေမျိုး။

မိတ်ဆိုးမိတ်တု-၄-ယောက် အကျယ်

၇။ ယူမိတ်, နှုတ်မိတ်၊ ချစ်ယောင်မိတ်၊ ယုတ်မိတ်-
မိတ်တုလေး။
ရန်သူမိတ်ဆွေ၊ ဤလေးထွေ၊ ရှောင်လေ
ကင်းစင်ဝေး။

အညဒတ္ထုဟာရမိတ် လက္ခဏာ-၄-ပါး အကျယ်

၈။ ဆောင်ဖို့သာခဲ၊ အနဲပေးမူ၊ အများယူ၊
ကြောက်မူ လာ၍ကပ်။
သက်သက်ကိုယ်ကျိုး၊ ငဲ့သူမျိုး၊ မိတ်ဆိုး
အညဒတ်။

http://www.dhammadownload.com



ဝစီပရမမိတ် လက္ခဏာ-၄-ပါး အကျယ်

၉။ အတိတ်, နာဂတ်၊ မိတ်စေ့စပ်၊ နိရတ်
ချီးပင့်မ။
အကြောင်းရှိသော်၊ ဒုက္ခဖော်၊ လေးပေါ်
ဝစီပရမ။

အနုပိယမိတ် လက္ခဏာ-၄-ပါး အကျယ်

၁၀။ မကောင်းလိုက်လျော၊ ကောင်းလိုက်လျော၊
ကောင်းပြော ရှေ့တွင်သာ။
မျက်ကွယ်ဆိုးမှု အင်လေးခု၊ အနုပိယသာ။

အပါယသဟာယမိတ် လက္ခဏာ-၄-ပါး အကျယ်

၁၁။ ယစ်မျိုးသောက်ခန်း၊ လမ်းလျှောက်ခန်း၊
ပွဲလမ်း တစ်ဌာန။
ကစားမှုဝယ်၊ မိတ်ဖော်နွယ်၊ အပါယ်
သဟာယ။

http://www.dhammadownload.com



### မိတ်ကောင်း မိတ်စစ်-၄-ယောက် အကျယ်

၁၂။ ပြုမိတ်,တူမိတ်၊ ဆရာမိတ်၊ ညာမိတ်-
မိတ်စစ်လေး။
ချစ်ဖော်မိတ်ဆွေ၊ ဤလေးထွေ၊ မကွေ
ပေါင်းဖို့ရေး။

### သမာနသုခဒုက္ခမိတ် လက္ခဏာ-၄-ပါး အကျယ်

၁၃။ လျှို့ဝှက်မရှိ လျှို့ဝှက်ဘိ၊ ဘေးရှိမစွန့်လေ၊
မိတ်အတွက်မှန်၊ သက်မချန်၊ သမာန်
မိတ်ကြီးပေ။

### အတ္ထက္ခာယိမိတ် လက္ခဏာ-၄-ပါး အကျယ်

၁၄။ မကောင်းမြစ်တား၊ ကောင်းရာထား၊
ဟောကြား သိဖို့ရာ။
နတ်လမ်းပြညွှန်၊ ဤလေးတန်၊ အမှန်
အတ္ထက္ခာ။

http://www.dhammadownload.com



အနုကမ္ပကမိတ် လက္ခဏာ-၄-ပါး အကျယ်

၁၅။ မပွါးလျှင်စိုး၊ ပွါးလျှင်ဖြိုး၊ ကျိုးမဲ့ ပြောမခံ။
အကောင်းပြောလျှင်၊ မနှောရှင်၊ မိတ်
သင်အနုကံ။

ဥပကာရမိတ် လက္ခဏာ-၄-ပါး အကျယ်

၁၆။ အသက်ဥစ္စာ၊ စောင့်ရှောက်လာ၊ ကြောက်ခါ
ကယ်ဖော်ရ။
ကူဖွယ်ရှိမူ၊ တပိုးကူ၊ စင်ဖြူ ဥပကာရ။

သားသမီးတို့က ပြုရသော ဝတ်-၅-ပါး အကျယ်

၁၇။ မွေးတုံ့မွေးမူ၊ ပြုဖွယ်ပြု၊ ကုလ မျိုးနွယ်တည်။
ဆက်ခံအမွေ၊ သေလွန်ပေ၊ မျှဝေ
ဝတ်ငါးမည်။

မိ ဖ တို့က ပြုရသော ဝတ်-၅-ပါး အကျယ်

၁၈။ မကောင်းမြစ်တား၊ ကောင်းရာထား၊
သင်ကြား တတ်ပညာ။
မိခင်ရောဝတီ

http://www.dhammadownload.com



ချော်ရာအိမ်ပေး၊ အမွေပေး၊ ကျင့်ရေး
ဝတ်ငါးဖြာ။

တပည့်တို့က ပြုရာသောဝတ်-၅-ပါး အကျယ်

၁၉။ ထကြွ, ခစား၊ ကြားနာ, လုပ်ကျွေး၊
သင်အံမေး၊ ကျင့်ရေး ဝတ်ငါးဖြာ။

ဆရာသမားတို့က ပြုရာသောဝတ်-၅-ပါး အကျယ်

၂၀။ ယဉ်ကျေးစေမှု၊ မှတ်စေမှုနှင့်၊ တတ်မှု
မချန်၊ ပြန်၍ဆောင်နှင်း၊
ဘေးကင်းစေမှု၊ ဝတ်ငါးခု၊ ပြုလေ
မြတ်ဆရာ။

လင်ယောက်ျားတို့က ပြုရာသောဝတ်-၅-ပါး အကျယ်

၂၁။ မပေါ့စားမှု၊ နာဖွယ်မှုနှင့်၊ သူ့ကိုမကျူး၊
စိုးမှုးလွှဲထား၊
ဝတ်စားဆင်ယင်၊ ဤငါးအင်၊ လင်တို့
ပြုစမြဲ။

မိခင်ရောဝတီ

http://www.dhammadownload.com



အိမ်သူမယားတို့က ပြုရာသောဝတ်-၅-ပါး အကျယ်

၂၂။ အိမ်ရေးတွင်ကျယ်၊ အိမ်ဝယ်လူပေါင်း၊
ကောင်းသားပြုအင်၊
စင်ကြယ်သီလ၊ ခနစောင့်ထိန်း၊ မပြိန်း
မပျင်း၊ အရင်းတရား၊ ဝတ်ငါးပါး၊ မယား
ပြုစမြဲ။

အဆွေခင်ပွန်းတို့၌ အမျိုးသားတို့က ပြုရာသော
ဝတ်-၅-ပါး အကျယ်

၂၃။ ပေးဝေမျှတ၊ ပီယနှုတ်ချို၊ ကျိုးလိုကျင့်မူ၊
ကိုယ်တူပြုခြင်း၊
မချွတ်ယွင်းစေ၊ ဤငါးထွေ၊ မိတ်ဆွေ
ကျင့်ဝတ်မျိုး။

အဆွေခင်ပွန်းတို့က ပြုရာသောဝတ်-၅-ပါး အကျယ်

၂၄။ အသက်, ဥစ္စာ၊ နှစ်ဖြာစောင့်ရှောက်၊
ကြောက်လျှင်ကြပ်မ၊

http://www.dhammadownload.com



တူကွဘေးတွင်၊ သားစဉ်, မြေးဆက်၊
မြတ်နိုးချက်၊ မိတ်ဖက် ဝတ်ငါးမျိုး။

အရှင်ဖြစ်သူက ပြုရာသော ဝတ်-၅-ပါး အကျယ်

၂၅။ အားတန်ခိုင်းစေ၊ ကျေအောင်ပေးကျွေး၊
နာရေးပြုပြြား၊
အစားကောင်းမျှ၊ လွှတ်သင့်ကလွှတ်၊
ကျင့်ဝတ်တရား၊ ဤငါးပါး၊ မှတ်သား
အရှင့်ဝတ်။

ကျွန်ဖြစ်သူက ပြုရာသောဝတ်-၅-ပါး အကျယ်

၂၆။ အလျှင်ထမြောက်၊ နောက်မှအိပ်ရေး၊
ပေးမှလည်းယူ၊ ပြုမူကောင်းတုံ၊
ဂုဏ်ကိုပြောကြား၊ ဤငါးပါး၊ မှတ်သား
ကျွန်တို့ဝတ်။

http://www.dhammadownload.com



ဒါယကာတို့က ပြုရာသောဝတ်-၅-ပါး အကျယ်

၂၇။ မေတ္တာသုံးပါး၊ တံခါးဟင်းလင်း၊ ကျွေးမွေးခြင်း၊
ငါးသင်း လူတို့ဝတ်။

ရသေ့ရဟန်းတို့က ပြုရာသောဝတ်-၆-ပါး အကျယ်

၂၈။ မကောင်းမြစ်တား၊ ကောင်းရာညွှန်ကြား၊
သနားစိတ်နှူး၊
မကြားဖူးက၊ ပြသသွန်သင်၊ ကြားဖူး
လျှင်မူ၊ ချဲ့ထွင်ခွဲခြမ်း၊
နတ်လမ်းရှင်းလင်း၊ ဖော်ပြခြင်း၊ ခြောက်သင်း
ရှင်တို့ဝတ်။

နိဒ္ဒေသသံပေါက်-၂၈ ပြီး၏။

*********

မိခင်ရောဝတီ

http://www.dhammadownload.com



# ၁-၂- ဥဒ္ဒေသ သံပေါက်အဓိပ္ပါယ်

## ကမ္မကိလေသ တရား ၄-ပါး

အကျဉ်းသံပေါက်လက်ာ၏ အဓိပ္ပါယ် သရုပ်ကို ထုတ်ပြပေအံ့။

၁။ ပါဏာတိပါတ=သန်း၃, ကြွမ်းပိုး၃-မှစ၍ အသက်ရှိသူ လူ, တိရစ္ဆာန် သတ္တဝါမှန်သမျှ ကို သတ်ဖြတ် ညှဉ်းဆဲခြင်း တစ်ပါး။

၂။ အဒိန္နာဒါန= သူတစ်ပါးတို့ ပိုင်ဆိုင်သော ဥစ္စာကို အနိုင်အထက် နှိပ်စက်ခြောက် ခြိမ်း တောင်းရမ်း ခွဲခန့်၍ ယူခြင်း, သူခိုး ဓားပြတို့ကဲ့သို့ ခိုးဝှက် တိုက်ခိုက်၍ယူခြင်း, အမျိုးမျိုးသော လိမ်လည်နည်းတို့ဖြင့် လိမ် လည်၍ ယူခြင်း၊ အမျိုးမျိုးသော စဉ်းလဲ နည်းတို့ဖြင့် စဉ်းလဲ၍ ယူခြင်းတစ်ပါး။

၃။ ကာမေသုမိစ္ဆာစာရ= ယောကျ်ားတို့မှာ မလွန်ကျူးအပ်သော နှစ်ကျိပ်သော မိန်းမ တို့၌ ကျူးလွန်ခြင်း၊ လင်ရှိသော မိန်းမ

မိခင်ရောဝတီ

http://www.dhammadownload.com



တို့မှာ မိမိလင်မှ တစ်ပါးသော ယောက်ျား များနှင့် ပေါင်းဖော်ခြင်း တစ်ပါး။

၄။ မုသာဝါဒ= မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းတစ်ပါး။

ဤ ၄-ပါးတို့ကို လောက၌ လူဆိုးလူညစ်တို့ပြုကြသော အမှုမျိုးဖြစ်၍ ကမ္မကိလေသ တရား ၄-ပါးဟူ၍ခေါ်၏။ လူဖြစ်သောသူသည် လူဆိုးလူညစ် မဖြစ်ရအောင် ဤကမ္မကိလေသ တရား ၄-ပါးတို့မှ အသက်ထက်ဆုံး လွတ်ကင်းအောင် ကြဉ်ရှောင်ရမည်-ဟူ၍ဟောတော်မူ၏။ သည်ကိုရည်၍--

* သက်သတ်, ခိုးဝှက်၊ အိမ်ရာဖျက်၊ နှုတ်ထွက်မမှန်ငြား။

* လေးတန်ညစ်ကျူး မကောင်းမှု၊ မပြုကြဉ်ရှောင်ရှား။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

ကမ္မကိလေသ တရား ၄-ပါးပြီး၏။

*********

မိခင်ရောဝတီ

http://www.dhammadownload.com



## ၃-၄- ဥဒ္ဒေသ သံပေါက် အဓိပ္ပါယ်

### အဂတိတရား ၄-ပါး

၁။ ဆန္ဒာဂတိ= လူ့မျက်နှာကိုသော်လည်းကောင်း, တံစိုးလက်ဆောင်ကိုသော်လည်းကောင်း၊ ငဲ့ကွက်သည့် အတွက်ကြောင့် မတော်မတရားသော အမှုကို ပြုခြင်းတစ်ပါး။

၂။ ဒေါသာဂတိ= မုန်းသည့် အတွက်ကြောင့် မတော်မတရားသော အမှုကိုပြုခြင်း တစ်ပါး။

၃။ ဘယာဂတိ = ကြောက်သည့်အတွက်ကြောင့် မတော်မတရားသော အမှုကိုပြုခြင်း တစ်ပါး။

၄။ မောဟာဂတိ = တရားလမ်းမှန်ကို မသိသည့်အတွက်ကြောင့် မတော်မတရားသော အမှုကို ပြုခြင်းတစ်ပါး။

ဤ ၄-ပါးတို့ကို မိမိကိုယ်၏ စင်ကြယ်ခြင်းကို အလေးမပြုကြသော လူယုတ်လူညံ့တို့၏ မသင့်မလျော် မတော် မတရားသော လိုက်စားမှုမျိုးဖြစ်၍ အဂတိတရား ၄-ပါးဟူ၍ ခေါ်၏။ ။

မိခင်ဇရာဝတီ

http://www.dhammadownload.com



လူဖြစ်သောသူသည် သူယုတ်သူညံ့မဖြစ်ရလေအောင် ဤအဂတိတရား ၄-ပါးတို့မှ အသက်ထက်ဆုံး လွတ်ကင်းအောင် ကြဉ်ရှောင်ရမည်-ဟူ၍ ဟောတော်မူ၏။

သည်ကိုရည်၍--

* ချစ် , မုန်း, ကြောက်မှု၊ မသိမှု၊ လေးခုအလိုက်မှား။
* အဂတိလေး၊ ကင်းစင်ဝေး၊ ပြုရေးမှန်ဖြောင့်သား။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

အဂတိတရား ၄-ပါးပြီး၏။

*********

## ၅-၆-၇- ဥဒ္ဒေသ သံပေါက် အဓိပ္ပါယ်

ပျက်စီးကြောင်းတရား ၆-ပါး

၁။ သုရာမေရယမဇ္ဇပါန = သေရည်မျိုး, သေရက်မျိုး, ယစ်မျိုးသောက်စားခြင်း တစ်ပါး။

မိခင်ရောဝတီ

http://www.dhammadownload.com



၂။ ဝိကာလ ဝိသိခါစရိယာ= ညအခါ၌ လမ်းလျှောက်လေ့ရှိခြင်း တစ်ပါး။

၃။ သမဇ္ဇာဘိစရဏ= ပွဲလမ်းသဘင် ပျော်ရွှင် လိုက်စားကြူးခြင်း တစ်ပါး။

၄။ ဇူတပ္ပမာဒဋ္ဌာန =ကုသိုလ်ရေး, လိမ္မာရေး, ဉစ္စာစီးပွါးရေးတို့၌ မေ့လျော့ ပေါ့စား ကြောင်းဖြစ်သော အလောင်းအစား ကစားလေ့ရှိခြင်းတစ်ပါး။

၅။ အာလဿာနုယောဂ= အလုပ်အကိုင် ပျင်းရိခြင်းနှင့် အမြဲယှဉ်ခြင်း တစ်ပါး။

၆။ ပါပမိတ္တတာ= မိတ်ဆွေမကောင်းနှင့် ပေါင်းဖော်ခြင်း တစ်ပါး။

ဤ ၆-ပါးတို့တွင် တစ်ပါးပါးနှင့်ယှဉ်သော သူအား မရသေးသော ဉစ္စာစည်းစိမ် ဂုဏ်သိန်ရိ ကျက်သရေတို့ကိုလည်း ရနိုင်ခွင့်မရှိ၊ ရရှိသော ဉစ္စာစည်းစိမ် ဂုဏ်သိန်ရိကျက်သရေတို့ကိုလည်း တိုးပွါးစေရန် အခွင့်မရှိ၊ တစ်နေ့တစ်ခြား ပျက်ပြားဆုံးရှုံးခွင့်သာရှိ၏။

မိခင်ရောဝတီ

http://www.dhammadownload.com



ထို့ကြောင့် လူဖြစ်သောသူသည် ဤ ၆-ပါး သော ဌာနတို့ကို အသက်ထက်ဆုံး လွတ်ကင်းအောင် ကြဉ်ရှောင်ရမည်-ဟူ၍ဟောတော်မူ၏။ သည်ကိုရည်၍ -

* ယစ်မျိုးသောက်ကြူး၊ သဘင်ကြူး၊ လောင်းကြူး ညဥ့်လည်များ။
* မိတ်ဆွေမကောင်း၊ ပျင်းအားကောင်း၊ အကြောင်း ဤ ၆-ပါး။
* ဥစ္စာမွဲရေး၊ မြန်မနေး၊ ဝေးစွာ ကြဉ်ရှောင်ရှား။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

[ကဗျာဖြစ်၍ ရှေ့, နောက်အစဉ် ရွေ့လျက်ရှိသည်၊ ဤ ၆-ပါးကိုပင် အစဉ်အတိုင်း အကျယ် ထုတ်ဖော်၍ ဟောတော်မူ၍။ ]

ပျက်စီးကြောင်းတရား ၆-ပါး ပြီး၏။

*********

http://www.dhammadownload.com



# နိဒ္ဒေသ သံပေါက်လက်ာ အစိပ္ပါယ်

ယစ်မျိုးသောက်စားမှု အပြစ် ၆-ပါး

၁။ သန္ဒိဋ္ဌိက ဓနဇာနီ= ယခုမျက်မှောက် ဘဝမှာ ဥစ္စာ ပြုန်းတီးခြင်းတစ်ပါး။

၂။ ကလဟပ္ပဝဍ္ဍနီ= ခိုက်ရန်ဒေါသ ပွါးများခြင်းတစ်ပါး။

၃။ ရောဂါနံ အာယတနံ= ရောဂါဆိုး၊ အနာဆိုးတို့ ပေါ်ပေါက် ပွါးများရန် အကြောင်း ဖြစ်ခြင်းတစ်ပါး။

၄။ အကိတ္တိသဉ္ဇနနီ= အကျော်အစောမဲ့ခြင်းကို ဖြစ်စေခြင်းတစ်ပါး။

၅။ ကောပီနနိဒံ့သနီ= အရှက်ကွဲရာ ကိုယ်အင်္ဂါကို ဖော်ပြခြင်းတစ်ပါး။

၆။ ပညာယ ဒုဗ္ဗလီကရဏီ= အသိအလိမ္မာ ဉာဏ်ပညာ ယုတ်လျော့ခြင်းကို ပြုခြင်း တစ်ပါး။

မိခင်ရောဝတီ

http://www.dhammadownload.com



သည်ကိုရည်၍ -

* ဥစ္စာပျက်ပြား၊ ခိုက်ရန်ပွါး၊ များတုံ ရောဂါစု။
* သတင်းယုတ်မာ၊ အရှက်ကွာ၊ ပညာ ဆုတ်ယုတ်မှု။
* ယစ်မျိုးကြူးငြား၊ သူတို့အား၊ ခြောက်ပါး အပြစ်ရှု။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

ယစ်မျိုးသောက်စားမှုအပြစ် ၆ ပါး ပြီး၏။

*********

ညအခါ လမ်းလျှောက်မှုအပြစ် ၆- ပါး

၁။ အတ္တ အဂုတ္တ-မိမိ၏ အသက်အန္တရာယ်မှ အစောင့်အရှောက်ကင်းခြင်းတစ်ပါး။

၂။ ပုတ္တဒါရ အဂုတ္တ- သား, သမီး, သားမယားတို့ ကသောက်ကရောက် ဖောက်ပြန်ပျက်ပြားခွင့်မှ အစောင့်အရှောက် ကင်းခြင်း တစ်ပါး။

http://www.dhammadownload.com



၃။ သာပတေယျ အဂုတ္တ- ဥစ္စာ နေ အတ္တရာယ်မှ အစောင့်အရှောက်ကင်းခြင်း တစ်ပါး။

၄။ သင်္ကိယ- ထိုသူ၌ သူတစ်ပါးတို့ မယုံ သင်္ကာများခြင်းတစ်ပါး။

၅။ အဘူတဝစန ရုပနာ- သူတစ်ပါးတို့ မဟုတ်မတရား စွဲဆိုသော်လည်း အဟုတ် ဖြစ်၍ မှုပြစ်မင်းဒဏ် ရောက်လွယ်ခြင်း တစ်ပါး။

၆။ ဗဟုဒုက္ခ ပုရက္ခာရ- ဒုက္ခအမျိုးမျိုး တွေ့ကြုံရန် ရှေးရှုလျက်ရှိနေခြင်းတစ်ပါး။

သည်ကိုရည်၍--

* မိမိသားမယား၊ ဥစ္စာအား၊ သုံးပါး အစောင့်ဝေး။
* မသင်္ကာဖွယ်၊ မှုရောက်လွယ်၊ သွယ်သွယ် ဒုက္ခရှေး။
* ညဉ့်လမ်းလျှောက်သူ၊ မတော်လူ၊ ပြစ်မှု ခြောက်ပါးထွေး။

မိခင်ရောဝတီ

http://www.dhammadownload.com



ဟူ၍ စပ်ဆိုခဲ့ပေသည်။

ညအခါလမ်းလျှောက်မှုအပြစ် ၆- ပါးပြီး၏။

*********

ပွဲလမ်းသဘင်ကြည့်ရှုမှု အပြစ် ၆-ပါး

၁။ ကွ နစ္စံ=ကပွဲ, ခုန်ပွဲတို့၌ နေ့, ရက်ကုန်ဆုံး၍ နေသဖြင့် ကုသိုလ်ရေး, လိမ္မာရေး, ဥစ္စာ စီးပွါးရေး လစ်လပ်ခြင်းတစ်ပါး။

၂။ ကွ ဂီတံ =သီချင်း သီပွဲ ဆိုပွဲတို့၌ နေ့, ရက် ကုန်ဆုံး၍နေသဖြင့် ကုသိုလ်ရေး, လိမ္မာ ရေး, ဥစ္စာစီးပွားရေး လစ်လပ်ခြင်းတစ်ပါး။

၃။ ကွ ဝါဒိတံ =တီးပွဲ, မှုတ်ပွဲတို့၌ နေ့, ရက် ကုန်ဆုံး၍နေသဖြင့် ကုသိုလ်ရေး, လိမ္မာ ရေး, ဥစ္စာစီးပွါးရေး လစ်လပ်ခြင်းတစ်ပါး။

၄။ ကွ အက္ခာနံ =ရာမ, အိနောင်, ငွေတောင်, ဘာရတ အစရှိသော သမ္ဖပ္ပလာပ အင်္ဂါ ဒဏ္ဍာရီဇာတ်ဝတ္ထုတို့ကို ဖွဲ့ဆိုပြောဟောသော သာချင်း ပွဲတို့၌ နေ့, ရက် ကုန်ဆုံး၍

http://www.dhammadownload.com



နေသဖြင့် ကုသိုလ်ရေး, လိမ္မာရေး, ဥစ္စာစီးပွါးရေး လစ်လပ်ခြင်းတစ်ပါး။

၅။ ကွ ပါဏိသံရံ ॥လက်ခုပ်တီးနွဲ အရပ်ပွဲတို့၌ နေ, ရက် ကုန်ဆုံး၍နေသဖြင့် အရေးသုံးပါး လစ်လပ်ခြင်းတစ်ပါး။

၆။ ကွ ကုမ္ဘထုနံ ॥အိုးစည်ပွဲတို့၌ နေ့, ရက် ကုန်ဆုံး၍နေသဖြင့် အရေးသုံးပါး လစ်လပ်ခြင်းတစ်ပါး။

သည်ကိုရည်၍-

* ကခြင်း, သီခြင်း၊ တီးမှုတ်ခြင်း၊ သာချင်း ဇာတ်ဝတ္ထု။
* လက်ခုပ်, အိုးစည်၊ သဘင်လည်၊ ခြောက်မည် အပြစ်စု။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

ဤကဗျာတို့၌ သဘင်လည် ဆိုသည်ကား ပွဲလမ်းသဘင်ရှိတိုင်း လှည့်လည်လိုက်စားသူ ဆိုလိုသည်၊ ' ကွနစ္စံ' စသည်၌ 'ကွ-အဘယ် အရပ်၌။ နစ္စံ- ကပွဲ ခုန်ပွဲ ရှိသနည်း' စသည်ဖြင့်

http://www.dhammadownload.com



အနက်ဆိုလေ။ ဘယ်မှာ ကပွဲရှိသနည်း, ဘယ်မှာ သီပွဲရှိသနည်း ဟု ပွဲစိတ်, ပွဲစကားနှင့်ပင် နေ့, ရက်ကုန်မျော၍နေပုံကို ပြဆိုသော စကားမျိုး တည်း။

ပွဲလမ်းသဘင်ကြူးမှု အပြစ် ၆-ပါး ပြီး၏။

*********

လောင်းကစားကြူးမှု အပြစ် ၆-ပါး

၁။ ဇယဝေရံ ပသဝတိ= နိုင်သောသူမှာ ရှုံးသောသူတို့က ငြိုးမှုအတွက် ရန်ပွားခြင်း တစ်ပါး။

၂။ ဇိနောဝိတ္တံသောစတိ= ရှုံးသောသူမှာ ကုန်သောဥစ္စာအတွက် စိတ်မကျေအေးနိုင်ခြင်း တစ်ပါး။

၃။ သန္ဒိဋ္ဌိက ဓနဇာနိ= ယခု မျက်မှောက်ဘဝမှာ ဥစ္စာပြုန်းတီးတတ်ခြင်းတစ်ပါး။

၄။ ဝစန နရုဟာနာ= လွှတ်ရုံးစသော သဘင်အလယ်၌ ထိုသူ့စကား မအောင်ရခြင်း

http://www.dhammadownload.com



တစ်ပါး။

၅။ မိတ္တာမစ္စပရိဘူတာ= ဆွေမျိုးဉာတိတို့၏ ကရုဏာဒေါသ ရှုတ်ချ နှိပ်နယ်မှုကို ခံရခြင်း တစ်ပါး။

၆။ အာဝါဟဝိဝါဟဝဇ္ဇနာ= ထိမ်းမြားမှုမှ အပပြု၍ ကြဉ်ရှောင်ခြင်းတစ်ပါး။

သည်ကိုရည်၍ -

* နိုင်သူ့မှာရန်၊ ရှုံးပူပန်၊ အမြန် ဥစ္စာပြုန်း။
* ပွဲလယ်စကား၊ မတည်ငြား၊ ထိမ်းမြား ပယ်ရိုးထုံး။
* မျိုးဆွေနှိပ်စက်၊ အန်ကြူးနက်၊ ခြောက်ချက် အပြစ်နှုန်း။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

လောင်းကစားကြူးမှု အပြစ် ၆-ပါးပြီး၏။

*********

http://www.dhammadownload.com



ပျင်းရိခြင်း အပြစ် ၆-ပါး

၁။ အတိ သီတံ= ချမ်းအေးလှသေးသည် ဟူ၍ အလုပ်လစ်ဟင်းခြင်းတစ်ပါး။

၂။ အတိဥဏှံ= ပူလှသေးသည် ဟူ၍ အလုပ်လစ်ဟင်းခြင်းတစ်ပါး။

၃။ အတိသာယံ= မိုးချုပ်လှပြီ ဟူ၍ အလုပ်လစ်ဟင်းခြင်းတစ်ပါး။

၄။ အတိပါတော= စောလှသေးသည် ဟူ၍ အလုပ်လစ်ဟင်းခြင်းတစ်ပါး။

၅။ အတိဆာတော= ဆာမွတ်လှသေးသည် ဟူ၍ အလုပ်လစ်ဟင်းခြင်းတစ်ပါး။

၆။ အတိဓာတော= ထမင်းစားပြီးခါစဖြစ်၍ ဝမ်းအင့်သေးသည် ဟူ၍ အလုပ်လစ်ဟင်းခြင်းတစ်ပါး။

သည်ကိုရည်၍-

* အေးသည်, ပူသည်၊ မိုးချုပ်သည်နှင့်၊ စောသည်, ဆာသည်၊ ပြည့်အင့်သည်၊



4(A)

http://www.dhammadownload.com



ခြောက်မည် လူပျင်းမျိုး။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

ပျင်းရိခြင်းအပြစ် ၆-ပါး ပြီး၏။

*********

မိတ်မကောင်းနှင့် ပေါင်းဖော်ခြင်း အပြစ် ၆-ပါး

၁။ ဓုတ္တမိတ္တ = အလောင်းအစား ကစားကြူး သူတို့နှင့် ပေါင်းဖက်ခြင်းတစ်ပါး။

၂။ သောဏ္ဍမိတ္တ=မိန်းမကြူးသူ, အစားကြူး သူတို့နှင့် ပေါင်းဖက်ခြင်းတစ်ပါး။

၃။ ပိပါသမိတ္တ= အသောက်ကြူးသူတို့နှင့် ပေါင်းဖက်ခြင်းတစ်ပါး။

၄။ နေကတိကမိတ္တ=ရွှေတု, ငွေတု စသည်ပြု၍ လိမ်လည်လေ့ရှိသော လူလိမ်တို့နှင့် ပေါင်း ဖက်ခြင်းတစ်ပါး။

၅။ ဝဉ္စကမိတ္တ=ထိုမှတစ်ပါးသော စဉ်းလဲ လှည့်ပတ်လေ့ရှိသောသူ လူကောက်လူညစ် တို့နှင့် ပေါင်းဖက်ခြင်းတစ်ပါး။

မိခင်ရောဝတီ

http://www.dhammadownload.com



၆။ သာဟသိကမိတ္တ-ဓားပြ, သူခိုး, လူဆိုး, လူသွမ်း, လူသရမ်းတို့နှင့် ပေါင်းဖက်ခြင်း တစ်ပါး။

သည်ကိုရည်၍-

* အံကြူး, ထိကြူး၊ ယစ်မျိုးကြူး၊ သုံးဦး လူပျက်မျိုး။

* လိမ်လည်နှစ်ပါး၊ ခိုးသား, ဓားပြ၊ ဤခြောက်ဝ၊ ပါပ မိတ်ဆွေမျိုး။

ဟူ၍စပ်ဆိုခဲ့ပေသည်။

ဤကဗျာတို့၌ ထိကြူး ဆိုသည်ကား ကြွက္ကထိကြူးကို ဆိုလိုသည်။ ။လိမ်လည်နှစ်ပါးဆို သည်ကား လိမ်လည်ခြင်း စဉ်းလဲခြင်း နှစ်ပါးကို ဆိုသည်။ ။ ရွှေလိမ်, ငွေလိမ် စသည်ကို လိမ်လည်ခြင်းဆိုသည်၊ အချိန်စဉ်းလဲခြင်း, အချင် စဉ်းလဲခြင်း, အလေးစဉ်းလဲခြင်း, တောင်းစဉ်း လဲခြင်း စသည်ကို စဉ်းလဲခြင်းဆိုသည်။

**မိတ်မကောင်းနှင့် ပေါင်းဖော်ခြင်း အပြစ်-၆-ပါး ပြီး၏။**

*********

မိခင်ဇရာဝတီ

http://www.dhammadownload.com



## မိတ်ဆိုး, မိတ်တု ၄-ယောက်

၁။ အညဒတ္ထုဟရမိတ် =စင်စစ် ယူဆောင်သော အဆွေခင်ပွန်း။

(မိမိကို ပေးကမ်းထောက်ပံ့မည့်သူမဟုတ်၊ ယူမည့်သူ သက်သက်သာ ဟူလိုသည်။)

၂။ ဝစီပရမမိတ် =စကားလျှင် အတိုင်းအရှည်ရှိသော အဆွေခင်ပွန်း။

(ပေးကမ်းမှု၌ လက်ကားမပါ၊ ပါးစပ်ပြောသာ ကောင်းသော အဆွေခင်ပွန်း ဟူလိုသည်။)

၃။ အနုပိယဘာဏီမိတ်= ရှေ့မျက်မှောက်တွင်သာ ချစ်ခင်ယောင်ပြု၍ အလိုက်ပေါင်းသော အဆွေခင်ပွန်း။

၄။ အပါယသဟာယမိတ် =ယုတ်မာသော အမှုတို့၌ အဖော်သဟဲရသော အဆွေခင်ပွန်း။

(သတ်ဖော်, ဖြတ်ဖော်, တိုက်ဖော်, မိုက်ဖော်, မဲဖော်-အဆွေခင်ပွန်း ဟူလိုသည်။)

ဤ ၄-ယောက်သော သူတို့သည် အကျိုးမဲ့ဖို့သာ ဖြစ်ကြကုန်သောကြောင့် အဆွေခင်ပွန်း

http://www.dhammadownload.com



အစစ် မဟုတ်ကြကုန် ခင်ပွန်းတု, ခင်ပွန်းယောင်ဆောင်ကြသော ရန်သူတို့သာတည်း၊ ဝေးစွာရှောင်ကြရာ၏။

သည်ကိုရည်၍ -

* ယူမိတ်, နှုတ်မိတ်၊ ချစ်ယောင်မိတ်၊ ယုတ်မိတ်-မိတ်တုလေး။
* ရန်သူမိတ်ဆွေ၊ ဤလေးထွေ၊ ရှောင်လေ ကင်းစင်ဝေး။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

[ဤရန်သူမိတ် ၄-ယောက်တို့၏ လက္ခဏာကို အကျယ် ပြောတော်မူ၏။]

၁။ အညဒတ္ထုဟရမိတ်၏ လက္ခဏာ ၄-ပါး

၁။ ပေးမည်ဟူ၍ မကြံ၊ ရသာတိုင်း ဆောင်ယူခြင်း လက္ခဏာတစ်ပါး။

၂။ အနည်းငယ်ပေး၍ အများယူခြင်း လက္ခဏာတစ်ပါး။

http://www.dhammadownload.com



၃။ မလွဲသာလှမှ ကိစ္စကိုဆောင်ရွက်ခြင်း လက္ခဏာ တစ်ပါး။

၄။ မိမိအကျိုးကိုငဲ့၍သာ ပေါင်းဖော်ခြင်း လက္ခဏာတစ်ပါး။

သည်ကိုရည်၍-

* ဆောင်ဖို့သာခဲ၊ အနဲပေးမူ၊ အများယူ၊ ကြောက်မူလာ၍ကပ်။
* သက်သက်ကိုယ်ကျိုး၊ ငဲ့သူမျိုး၊ မိတ်ဆိုး အညဒတ်။

ဟူ၍စပ်ဆိုခဲ့ပေသည်။

၂။ ဝစီပရမမိတ်၏ လက္ခဏာ ၄-ပါး

၁။ အတိတ်နှင့် လောကွတ်ပြုခြင်း တစ်ပါး။

၂။ အနာဂတ်နှင့် လောကွတ်ပြုခြင်းတစ်ပါး။

၃။ အကျိုးမရှိ နိရတ္ထကဖြစ်သော အခွင့်နှင့် သင်္ဂြိုဟ်ချီးမြှင့်ခြင်းတစ်ပါး။

၄။ မိတ်ဆွေဖြစ်သူ၌ ကူညီရန် အခွင့်ရှိလာလျှင် မိမိ၌ ပျက်စီးမှုကိုပြခြင်းတစ်ပါး။

http://www.dhammadownload.com



သည်ကိုရည်၍-

* အတိတ်, နာဂတ်၊ မိတ်စေ့စပ်၊ နိရုတ်ချီးပင့်မ။

* အကြောင်းရှိသော်၊ ဒုက္ခဖော်၊ လေးပေါ် ဝစီပရမ။

ဟူ၍စပ်ဆိုခဲ့ပေသည်။

အတိတ်နှင့်လောကွတ်ပြုခြင်း- ဆိုသည်ကား မိတ်ဆွေဖြစ်သူက ကိစ္စဆိုက်တိုက်သည်နှင့် ပေးနှင့်ပါ, ချေးနှင့်ပါဟု လာလျှင် ရှိတုန်းအခါက သင့်ကိုမျှော်ပါ၏၊ သင်မလာခဲ့၊ ယခုမှာကုန်၍သွားပါပြီဟု ရှိသည်ကို မပေးလို, မချေးလို၍ အတိတ်နှင့် လောကွတ်ပြုခြင်းတည်း။

အနာဂတ်နှင့် လောကွတ်ပြုခြင်း-ဆိုသည်ကား ရှိလျက်နှင့်မပေးလို၍ ယခုမရှိခိုက်ကြုံရလေခြင်း, မပေးရလေခြင်း, နောင်ရှိသောအခါ လာခဲ့ပါဟု အနာဂတ်နှင့် လောကွတ်ပြုခြင်းတည်း၊ နောက်လာပြန်လျှင်လည်း တစ်မျိုးလွှဲ၍ ပြောပြန်လတ္တံ့။

မိခင်ဇရာဝတီ

http://www.dhammadownload.com



အကျိုးမရှိ နိရတ္ထကဖြစ်သောအခွင့်နှင့် သင်္ဂြိုဟ်ချီးမြှင့်ခြင်း-ဆိုသည်ကား ထိုသူ၌ ပြည့်ပြည့်စုံစုံရှိ၍ မယူလိုမှန်းသိသောအခါ ငါ့မှာငွေရှိပါသည်၊ အလိုရှိလျှင်ယူ၍သုံးနှင့်ပါ-ဟုပေး၏၊ ထိုသူ၌ မပြည့်မစုံရှိ၍ လိုချင်မှန်းသိသောအခါ ငွေမရှိဟု ဝှက်၏၊ မစားနိုင်သောအခါ စားပါ, စားပါ ဟုပေး၏။ စားနိုင်, သောက်နိုင်သောအခါ ဝှက်၏၊ ရွက်ဆောင်ရန်အကြောင်းကိစ္စ မရှိသောအခါ အကြောင်းကိစ္စရှိလျှင်ဆောင်ရွက်လိုဟန်ပြု၍ ခုတင်ခု လာ၏၊ အကြောင်းကိစ္စ တကယ်ရှိလာလျှင် ကိစ္စတစ်ပါးနှင့် အသံပေး၍ ဝေးရာသို့ ထွက်ရှောင်ရှား၏၊ အကြောင်းကိစ္စပြီးငြိမ်းမှ ပြန်လာ၍ ငါတို့မရှိခိုက်ဖြင့် ကြုံကြိုက်ရလေခြင်းဟု နောင်တစကား များစွာပြောဆို၏။

ဤသို့အစရှိသည်ဖြင့် အကျိုးမရှိ နိရတ္ထကဖြစ်သော အခွင့်နှင့်သင်္ဂြိုဟ်ချီးမြှင့်ခြင်း အမှုသည် လောက၌ အလွန်များ၏၊ စိတ်နှလုံး မဖြူ

http://www.dhammadownload.com



ဖြောင့် နှုတ်ပရိယာယ်ထူလှသော လူကောက်တို့ အမှုမျိုးတည်း။

မိတ်ဆွေဖြစ်သူ၌ ကူညီရန် အခွင့်ရှိလာလျှင် မိမိ၌ ပျက်စီးမှုကိုပြခြင်း-ဆိုသည်ကား ခေါင်းကိုက်လေယောင်ပြခြင်း, ဝမ်းနာလေယောင်ပြခြင်း, စီးပွါးပျက်လေယောင်ပြခြင်း အစရှိသည်တည်း။

၃။ အနုပိယမိတ်၏ လက္ခဏာ ၄-ပါး

၁။ မကောင်းမှု၌လည်း ဤအမှုကို ပြုလိုသည် ဟုဆိုလျှင် ပြုသာပြုဟု လိုက်လျောခြင်း တစ်ပါး။

၂။ ကောင်းမှု၌လည်း ပြုသာပြုဟု လိုက်လျောခြင်းတစ်ပါး။

၃။ မျက်မှောက်၌ ကောင်းစကားပြောခြင်း တစ်ပါး ။

၄။ မျက်ကွယ်၌ ဆိုးစကားပြောခြင်းတစ်ပါး။ ဤ ၄-ပါးတည်း။

မိခင်ရောဝတီ

http://www.dhammadownload.com



သည်ကိုရည်၍-

* မကောင်း လိုက်လျော၊ ကောင်း လိုက်လျော၊ ကောင်းပြော ရှေ့တွင်သာ။

* မျက်ကွယ်ဆိုးမှု၊ အင်လေးခု၊ အနုပိယသာ။

ဟူ၍စပ်ဆိုခဲ့ပေသည်။

၄။ အပါယ သဟာယမိတ်၏ လက္ခဏာ ၄-ပါး

၁။ ယစ်မျိုးသောက်စားမှု၌ အဖော်သဟဲရခြင်း တစ်ပါး။

၂။ ည လမ်းလျှောက်မှု၌ အဖော်သဟဲရခြင်း တစ်ပါး။

၃။ သဘင်ပွဲလမ်းကို လိုက်စားမှု၌ အဖော် သဟဲရခြင်းတစ်ပါး။

၄။ အလောင်းအစား ကစားမှု၌ အဖော်သဟဲ ရခြင်းတစ်ပါး။

http://www.dhammadownload.com



သည်ကိုရည်၍-

* ယစ်မျိုးသောက်ခန်း၊ လမ်းလျှောက်ခန်း၊ ပွဲလမ်း တစ်ဌာန။

* ကစားမှုဝယ်၊ မိတ်ဖော်နွယ်၊ အပါယ်သဟာယ။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

အသက်ထက်ဆုံး ဝေးစွာကြဉ်ရှောင်ရာသော
မိတ်ဆိုး, မိတ်တု ၄-ပါးပြီး၏။

*********

## မိတ်ကောင်း-မိတ်စစ် ၄-ယောက်

[မိတ်ဆိုး ၄-ပါးနှင့် စပ်လျဉ်း၍ အသက်ထက်ဆုံး မကွေမကွာ ပေါင်းဖော်ရာသော မိတ်ကောင်း မိတ်စစ် ၄-ပါးကို ဟောတော်မူ၏]

၁။ သမာနသုခ ဒုက္ခမိတ်=ချမ်းသာအတူ, ဆင်းရဲအတူ ဆင်းရဲဖော် ချမ်းသာဖက် ဖြစ်သော အဆွေခင်ပွန်း။

http://www.dhammadownload.com



၂။ အတ္ထက္ခာယီမိတ်။မကောင်းမြစ်တာ ကောင်း ရာပြညွှန်းသော အဆွေခင်ပွန်း။

၃။ အနုကမ္ပကမိတ်။အခါခပ်သိမ်း မိမိကို, ရင်ဝယ်သားကဲ့သို့ သနားညှာတာခြင်း ရှိသော အဆွေခင်ပွန်း။

၄။ ဥပကာရမိတ်။ မိမိအား ကျေးဇူးပြုသမား ကြီး သက်သက်ဖြစ်သော အဆွေခင်ပွန်း။

သည်ကိုရည်၍-

* ပြုမိတ်, တူမိတ်၊ ဆရာမိတ်၊ ညှာမိတ်- မိတ်စစ်လေး။
* ချစ်ဖော်မိတ်ဆွေ၊ ဤလေးထွေ၊ မကွေ ပေါင်းဖို့ရေး။

ဟူ၍စပ်ဆိုခဲ့ပေသည်။

[ဤ မိတ်ကောင်း မိတ်စစ် ၄-ယောက်တို့၏ လက္ခဏာကိုလည်း အကျယ်ဟောတော်မူ၏]

http://www.dhammadownload.com

## နိဒ္ဒေသ သံပေါက်လင်္ကာအစီပွါယ် ၄၃

၁။ သမာန သုခ ဒုက္ခမိတ်၏ လက္ခဏာ ၄-ပါး

၁။ သူ၏လျှို့ဝှက်အပ်သော အမှုကို မိမိ၌ လျှို့ဝှက်ခြင်းတစ်ပါး။

၂။ မိမိလျှို့ဝှက်အပ်သောအမှုကို သူတစ်ပါးတို့ မသိရအောင် လျှို့ဝှက်ခြင်းတစ်ပါး။

၃။ ဘေးတွေ့သောအခါ မိမိကို မစွန့်ခြင်း တစ်ပါး။

၄။ သူ့အသက်ကိုပင် စွန့်၍ မိမိအကျိုးကို ရွက်ဆောင်ခြင်းတစ်ပါး။

သည်ကိုရည်၍-

* လျှို့ဝှက်မရှိ၊ လျှို့ဝှက်ဘိ၊ ဘေးရှိ မစွန့်လေ။

* မိတ်အတွက်မှန်၊ သက်မချန်၊ သမာန် မိတ်ကြီးပေ။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

http://www.dhammadownload.com



## ၂။ အတ္ထက္ခာယီမိတ်၏ လက္ခဏာ ၄-ပါး

၁။ မကောင်းမှုကို မပြုရအောင် တားမြစ်ခြင်း တစ်ပါး။

၂။ ကောင်းမှု၌ တည်စေခြင်းတစ်ပါး။

၃။ မကြားဘူး, မသိဘူးသောတရားကို ကြားဖို့, သိဖို့ရာဟောကြားခြင်းတစ်ပါး။

၄။ ဒါန, သီလအစရှိသော နတ်ရွာလမ်းကြောင်းကို ညွှန်ပြခြင်းတစ်ပါး။

သည်ကိုရည်၍-

- မကောင်းမြစ်တား၊ ကောင်းရာထား၊ ဟောကြား သိဖို့ရာ။
- နတ်လမ်းပြညွှန်၊ ဤလေးတန်၊ အမှန်အတ္ထက္ခာ။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

## ၃။ အနုကမ္ပကမိတ်၏ လက္ခဏာ ၄-ပါး

၁။ မိမိ၌ အကျိုးစီးပွါး မဖြစ်ထွန်းလျှင် သူ မနှစ်သက်နိုင်ခြင်း, စိုးရိမ်ပူပန်ခြင်း တစ်ပါး။

မိခင်ဧရာဝတီ

http://www.dhammadownload.com



၂။ မိမိ၌ အကျိုးစီးပွါးဖြစ်ထွန်းလျှင် သူ နှစ်သက်ခြင်း, စိတ်အလိုပြည့်ဖြိုးခြင်း တစ်ပါး။

၃။ မိမိ၏ ကျေးဇူးမဲ့ကို သူတစ်ပါးပြောဆိုလျှင် တားမြစ်ခြင်းတစ်ပါး။

၄။ မိမိ၏ ဂုဏ်ကျေးဇူးကို သူတစ်ပါးပြောကြားလျှင် ပြောပသူကို ချီးမွမ်းခြင်းတစ်ပါး။

သည်ကိုရည်၍-

* မပွါးလျှင်စိုး၊ ပွါးလျှင်ဖြိုး၊ ကျိုးမဲ့ပြောမခံ။

* အကောင်းပြောလျှင်၊ မနေသွင်၊ မိတ်သင် အနုကံ။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

## ၄။ ဥပကာရမိတ်၏ လက္ခဏာ ၄-ပါး

၁။ မေ့လျော့လျက် အသက်ခန္ဓာကို စိုးရိမ်ဖွယ်ရှိသောအခါ အသက်ခန္ဓာကို စောင့်ရှောက်ခြင်းတစ်ပါး။

http://www.dhammadownload.com



၂။ မေ့လျော့လျက် စည်းစိမ်ဥစ္စာပျက်စီးဖွယ် ရှိသောအခါ စည်းစိမ်ဥစ္စာကို စောင့်ရှောက်ခြင်းတစ်ပါး။

၃။ ကြောက်လန့်ခြင်းရှိသောအခါ ကိုးကွယ်ရာဖြစ်ခြင်းတစ်ပါး။

၄။ ကိစ္စကြီးငယ် ရှိသောအခါ သူကပြုအပ်သော ကျေးဇူးမှုထက် ၂-ဆပိုမို၍ ကျေးဇူးပြုခြင်းတစ်ပါး။

သည်ကိုရည်၍-

* အသက်ဥစ္စာ၊ စောင့်ရှောက်လာ၊ ကြောက်ခါ ကယ်ဖော်ရ။
* ကူဖွယ်ရှိမူ၊ တပိုးကူ၊ စင်ဖြူ ဥပကာရ၊

ဟူ၍စပ်ဆိုခဲ့ပေသည်။

ဤတွင်ရွေ့ကား အိမ်၌နေသူ လူ-ဂဟဋ္ဌ အပေါင်းတို့အား သူကောင်းစင်စစ်ဖြစ်ဖို့အမှန် ကြည့်ရှောင်ရန် တရား ၁၄-ပါးတို့ကို ထုတ်ဖော်ပြဆိုခန်းပြီး၏။

မိတ်ကောင်း မိတ်စစ် ၄-ယောက်ပြီး၏။

မိခင်ဓရာဝတီ

http://www.dhammadownload.com



## အရပ်ဒိသာ ၆-မျက်နှာ

၁။ အမိ, အဖ -၂-ပါးတို့သည် ပုဗ္ဗဒိသာ အရှေ့အရပ် မျက်နှာမည်၏။

၂။ အတတ်ပညာသင်ကြားသော ဆရာသည် ဒက္ခိဏဒိသာ တောင်အရပ်မျက်နှာ မည်၏။

၃။ အိမ်သူမယား, သမီး, သားတို့သည် ပစ္ဆိမဒိသာ အနောက်အရပ်မျက်နှာ မည်ကုန်၏။

၄။ မွေးချင်းပေါက်ဖော် ဆွေမျိုးဉာတိ မိတ်ဆွေခင်ပွန်းတို့သည် ဥတ္တရဒိသာ မြောက်အရပ်မျက်နှာ မည်ကုန်၏။

၅။ ကျေးကျွန်အမှုလုပ်တို့သည် ဟေဋ္ဌိမ ဒိသာ အောက်အရပ်မျက်နှာ မည်ကုန်၏။

၆။ အကျင့်သီလနှင့်ပြည့်စုံကြကုန်သော ရသေ့, ရဟန်းတို့သည် ဥပရိမ ဒိသာ အထက်အရပ်မျက်နှာ မည်ကုန်၏။



5(A)

http://www.dhammadownload.com



သည်ကိုရည်၍-

* မာတာပိတာ၊ ရှေ့ဒိသာ၊ ဆရာ တောင်ရပ်ဌြား။

* သားမယားလျှင်၊ အနောက်ခွင်၊ မိတ်သင် မြောက်အလား။

* ကျွန်ကျေးအောက်ဟူ၊ အထက်မူ၊ သူမြတ် ရဟန်းပုဏ္ဏား။

* အရပ်ဒိသာ၊ ခြောက်မျက်နှာ၊ လုံစွာ ပိတ်ဆို့ထား။

ဟူ၍စပ်ဆိုခဲ့ပေသည်။

အရပ်ဒိသာ ၆-မျက်နှာ ပြီး၏။

*********

## အရပ်ဒိသာ ၆-မျက်နှာကို ရှိသေစွာရှိခိုးမှု

### သားသမီးတို့က ပြုရာသော ဝတ် ၅-ပါး

၁။ ကျွေးမွေးတုံ့ ကျွေးမွေးလှည့် ကျွေးမွေးရခြင်းတစ်ပါး။

မိခင်ရောဝတီ

http://www.dhammadownload.com



၂။ မိ, ဖ တို့၌ ဆိုက်တိုက်၍လာသော မင်းရေး စိုးခွင့် စသည်တို့ကို မိမိကိစ္စပြု၍ ဆောင် ရွက်ရခြင်းတစ်ပါး။

၃။ အမျိုးအနွယ်အားဖြင့် အစဉ်လာသော ဒါနဝတ်, သီလဝတ် အစရှိသော အလေ့ ကောင်း, အကျင့်ကောင်း, အရိုးကောင်း, အစဉ်ကောင်းတို့ကို မပျက်စေရခြင်း တစ်ပါး။

၄။ လောကီမွေ့, ဓမ္မမွေ့တို့ကို ကောင်းစွာခံယူရ ခြင်းတစ်ပါး။

၅။ သေလွန်သော မိ, ဖ တို့ကို ရည်မှတ်၍ လှူဒါန်းပြီးလျှင် သေလွန်သော မိ, ဖတို့ အား ကုသိုလ်အဖို့ကို ဝိသေသထုတ်ဖော်၍ ပေးဝေရခြင်းတစ်ပါး။

သည်ကိုရည်၍-

* မွေးတုံ့မွေးမူ ပြုဖွယ်ပြု ကုလ မှီနွယ်တည်။
* ဆက်ခံအမွေ၊ သေလွန်ပေ၊ မျှဝေ ဝတ်ငါးမည်။

ဟူ၍စပ်ဆိုခဲ့ပေသည်။

မိခင်ဧရာဝတီ

http://www.dhammadownload.com



မိဖတို့က ပြုရာသော ဝတ် ၅-ပါး

၁။ ငယ်ရွယ်စဉ်ကစ၍ မကောင်းမှု ဒုစရိုက်တို့ကို မပြုမကျင့်ရအောင် တားမြစ်ရခြင်း တစ်ပါး။

၂။ ငယ်ရွယ်စဉ်ကစ၍ မိ, ဖကို ရိုသေခြင်း အစရှိသော ကောင်းသောအလိမ္မာတို့၌ တည်စေရခြင်းတစ်ပါး။

၃။ အပြစ်မရှိသော အတတ်တို့ကို သင်ကြားစေရခြင်းတစ်ပါး။

၄။ အမျိုးကောင်း, အနွယ်ကောင်း သား, သမီးတို့နှင့် ထိမ်းမြားမင်္ဂလာပြုရခြင်း တစ်ပါး။

၅။ အချိန်အခါကိုယောက်၍ အမွေဥစ္စာကို အပ်နှင်းရခြင်းတစ်ပါး။

သည်ကိုရည်၍-

* မကောင်းမြစ်တား၊ ကောင်းရာထား၊ သင်ကြား တတ်ပညာ။

http://www.dhammadownload.com



* လျော်ရာအိမ်ပေး၊ အမွေပေး၊ ကျင့်ရေး
ဝတ်ငါးဖြာ။

ဟူ၍စပ်ဆိုခဲ့ပေသည်။

တပည့်တို့က ပြုရာသော ဝတ်၅-ပါး

၁။ မိမိရှိရာသို့ ဆရာလာသည်ကိုမြင်လျှင် ရှေးဦးစွာ နေရာမှထ၍ ဆရာကို ကြိုဆို၍ ထီး, ဖိနပ်စသည်ကို ယူ၍ နေရာထိုင်ခင်း ပေးခြင်း, အိုက်ပူသောအခါဖြစ်ခဲ့လျှင် ယပ်လေခတ်ရခြင်းတစ်ပါး။

၂။ တစ်နေ့လျှင် ၃-ကြိမ် ဆရာ၏ အနီး အပါး၌ ခ,စားရခြင်းတစ်ပါး။

၃။ ဆရာ၏ထံမှ ဆုံးမသွန်သင်သော စကား တို့ကို ကြားနာလိုခြင်းတစ်ပါး။

၄။ သာလျှင်သာလိုက် နာလျှင်နာလိုက် ချိုးရေ, သောက်ရေ, မျက်နှာသစ်ရေ, ဒန်ပူစသည် တို့ဖြင့် လုပ်ကျွေးရခြင်းတစ်ပါး။

http://www.dhammadownload.com



၅။ မတတ်သေးသည်ကို တတ်ရအောင်, တတ်ပြီးသည်ကို မပျောက်စေရအောင် အတတ်ပညာကို ရှိသေစွာ သင်ကြားရခြင်းတစ်ပါး။

သည်ကိုရည်၍-

* ထကြွ, ခစား၊ ကြားနာ, လုပ်ကျွေး၊
သင်အံမေး၊ ကျင့်ရေး ဝတ်ငါးဖြာ။

ဟူ၍စပ်ဆိုခဲ့ပေသည်။

သင်အံမေး- ဆိုသည်ကား သင်ခြင်း, အံခြင်း, ဆွေးနွေးမေးမြန်းခြင်းကို ပြုရမည်ဆိုလိုသည်။

ဆရာသမားတို့က ပြုရာသော ဝတ် ၅-ပါး

၁။ လောကရေး, ဓမ္မရေးတို့၌ အပြုအမူ, အပြောအဆို,အချိုးအစား, ကျနယဉ်ကျေးရှိအောင် သွန်သင် ဆုံးမခြင်းတစ်ပါး။

၂။ လောကဗဟုဿုတ, ဓမ္မဗဟုဿုတ အမျိုးအမျိုးတို့၌ ကြားဖူးနားဝရှိအောင် မိမိအနီးအနားသို့ ရောက်လာတိုင်း ဆုံးမသင်ကြား မှတ်သားစေရခြင်းတစ်ပါး။

မိခင်ဇရာဝတီ

http://www.dhammadownload.com



၃။ ဆရာတတ်သိသော အတတ်ပညာကို ဆရာစားမချန် အကုန်အစင် သင်ကြား ပြသခြင်း တစ်ပါး။

၄။ တတ်မြောက် လိမ္မာရှိသောအခါ၌ မိ, ဖ, မျိုးဆွေတို့အား သူတတ်သမျှကို ဖော်ပြ၍ အပ်နှင်းခြင်းတစ်ပါး။

၅။ တပည့်တပန်းတို့အား အသက်ထက်ဆုံး ရောက်လေရာတို့၌ အန္တရာယ်ကင်းရှင်း စေရန် မန္တာန်, မန္တရား, ဆေးဝါးအလျော် ပရိတ်တော်, ဂုဏ်တော်များကို အသက်ထက် ဆုံး စွဲမြဲကြစေရန် သင်ကြားခြင်းတစ်ပါး။

[အန္တရာယ်ကင်း ပရိတ်တော်, ဂုဏ်ကော်များကို နောက်မှ ပြဆိုအံ့။]

သည်ကို ရည်၍-

* ယဉ်ကျေးစေမှု၊ မှတ်စေမှုနှင့်၊ တတ်မှု မချန်၊ ပြန်၍ဆောင်နှင်း၊ ဘေးကင်း စေမှု၊ ဝတ်ငါးခု၊ ပြုလေမြတ်ဆရာ။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

မိခင်ရောဝတီ ,

http://www.dhammadownload.com



လင်ယောကျ်ားတို့က ပြုရာသော ဝတ် ၅-ပါး

၁။ မင်း, ကွယ်, ကျုပ်, အမိ, အစ်မ အစရှိသည်ဖြင့် ချီးချီးပပ ချိုမြသာယာစွာ ခေါ်ဝေါ်ပြောဆိုလေ့ရှိခြင်းတစ်ပါး။

၂။ နင်, ဟယ်, ငါ, မိမည်သူ, မိမည်ဝါ အစရှိသဖြင့် ရိုင်းစိုင်းစွာ မခေါ်မပြောရခြင်း, မလေးမစား မပြုရခြင်းတစ်ပါး။

၃။ သူ မကြည်ဖြူက သူမှတစ်ပါး မသွားမလာရခြင်း တစ်ပါး။

၄။ ရရှိသမျှ စည်းစိမ်ဥစ္စာ အိပ်ရာခမ်းနားတို့အပေါ်၌ အစိုးတရပြုလုပ်နိုင်သော အခွင့်ကို ပေးရခြင်းတစ်ပါး။

၅။ မိမိအခြေအနေ အားလျော်စွာ အိမ်သူသားမယား၌ ဝတ်စားတန်ဆာတို့ကို မညှိုးမနွမ်းရအောင် ဆင်ယင်ရခြင်းတစ်ပါး။

သည်ကိုရည်၍-

* မပေါ့စားမှု၊ နာဖွယ်မှုနှင့်၊ သူ့ကိုမကျူး၊ စိုးမှုလွှဲထား၊ ဝတ်စားဆင်ယင်၊ ဤ

မိခင်ရောဝတီ

http://www.dhammadownload.com



ငါးအင်၊ လင်တို့ပြုစမြဲ။

ဟူ၍စပ်ဆိုခဲ့ပေသည်။

အိမ်သူမယားတို့က ပြုရာသော ဝတ် ၅-ပါး

၁။ အိမ်တွင်းကိစ္စဟူသမျှတို့၌ မလစ်မလပ် စေ့စပ်တွင်ကျယ်သော လုံ့လဝီရိယရှိခြင်း တစ်ပါး။

၂။ အိမ်ရှိ အခြွေအရံပရိသတ်တို့၌ အပြုအစု အမှုအရကောင်းခြင်းတစ်ပါး။

၃။ မိမိအိမ်ရှင် လင်ယောကျ်ားမှ တစ်ပါး သောသူတို့၌ စိတ်မနှောမျှ မကျူးလွန်ခြင်း တစ်ပါး။

၄။ အိမ်ရှိပစ္စည်းဥစ္စာတို့ကို အထိန်းအသိမ်း ကောင်းခြင်းတစ်ပါး။

၅။ မိန်းမတို့ဆိုင်ရာ အမှုခပ်သိမ်းတို့၌ အစေ့ အစပ် တတ်သိလိမ္မာခြင်း၊ အပျင်းအရိ မရှိခြင်းတစ်ပါး။

http://www.dhammadownload.com



သည်ကိုရည်၍-

* အိမ်ရေးတွင်ကျယ်၊ အိမ်ဝယ်လူပေါင်း၊ ကောင်းသားပြုအင်၊ စင်ကြယ်သီလ၊ ခနစောင့်ထိန်း၊ မပြိန်းမပျင်း၊ အရင်းတရား၊ ဝတ်ငါးပါး၊ မယားပြုစမြဲ။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

### အဆွေခင်ပွန်းတို့၌ အမျိုးသားတို့က ပြုရာသော ဝတ် ၅-ပါး

၁။ အခါအခွင့်အားလျော်စွာ ကျွေးမွေးပေးကမ်းခြင်းတစ်ပါး။

၂။ ချစ်ဖွယ် ကြင်ဖွယ်သော ခေါ်မှု, ပြောမှုရှိခြင်းတစ်ပါး။

၃။ သူတို့အကျိုးကို ရှိုးဖြောင့်သော စိတ်နှလုံးဖြင့် ကောင်းစွာကျင့်ခြင်းတစ်ပါး။

၄။ သူတို့အပေါ်၌ ဂုဏ်မလုပ်မူ၍ ကိုယ်တူ, ကိုယ်မျှပြုခြင်းတစ်ပါး။

http://www.dhammadownload.com



၅။ မိမိကိုပုံ ယုံသည့်အတွက်ကြောင့် အဘယ် အမှု ချွတ်ယွင်းသည်, အဘယ်အကျိုး ပျက်ကွက်သည် ဟူ၍ မရှိစေခြင်းတစ်ပါး။

သည်ကိုရည်၍-

* ပေးဝေမျှတ၊ ပိယန္တတ်ချိုု ကျိုးလို ကျင့်မှု၊ ကိုယ်တူပြုခြင်း၊ မချွတ်ယွင်း စေ၊ ဤငါးထွေ၊ မိတ်ဆွေ ကျင့်ဝတ်မျိုး။

ဟူ၍စပ်ဆိုခဲ့ပေသည်။

အဆွေခင်ပွန်းတို့က ပြုရာသော ဝတ် ၅-ပါး

၁။ မေ့လျော့လျက် အသက်ခန္ဓာကို စိုးရိမ်ဖွယ် ရှိသောအခါ အသက်ခန္ဓာကို စောင့်ရှောက် ခြင်းတစ်ပါး။

၂။ မေ့လျော့လျက် စည်းစိမ်ဥစ္စာ ပျက်စီးဖွယ် ရှိသောအခါ စည်းစိမ်ဥစ္စာကို စောင့်ရှောက် ခြင်းတစ်ပါး။

၃။ ကြောက်လန့်ခြင်း ရှိသောအခါ ကိုးကွယ်ရာ ဖြစ်ခြင်း တစ်ပါး။

http://www.dhammadownload.com



၄။ ဘေးတွေ့သောအခါ မိမိကို မစွန့်ခြင်း တစ်ပါး။

၅။ သူ၏ သား, မြေးစဉ်ဆက်တို့ကို အဆွေခင်ပွန်းဖြစ်သူတို့က ချီးပမ့်ပြုခြင်း တစ်ပါး။

သည်ကိုရည်၍-

* အသက်, ဥစ္စာ၊ နှစ်ဖြာစောင့်ရှောက်၊
ကြောက်လျှင်ကြပ်မ၊ တူကွဘေးတွင်၊
သားစဉ်, မြေးဆက်၊ မြတ်နိုးချက်၊
မိတ်ဖက် ဝတ်ငါးမျိုး။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

[တူကွဘေးတွင် ဆိုသည်ကား-ဘေးရှိသောအခါ မစွန့်သည်ကို ဆိုသည်။]

အရှင်ဖြစ်သူက ပြုရာသော ဝတ် ၅-ပါး

၁။ ပြုလုပ်သူတို့၏ အင်အားနှင့် တိုင်းတာ၍ အလုပ်အကိုင်ကို စီရင်ခြင်းတစ်ပါး။

၂။ ထိုက်တန်လောက်အောင် ထမင်းရိက္ခာ အဖိုးအခ ကျွေးမွေး ပေးကမ်းခြင်းတစ်ပါး။

မိခင်ရောဝတီ

http://www.dhammadownload.com



၃။ မကျန်းမမာရှိသောအခါ ကောင်းမွန်စွာ ပြုစုခြင်းတစ်ပါး။

၄။ အစားကောင်း၊ အသောက်ကောင်း အထူး တလည် ရရှိသောအခါ သူတို့ကို ကြည်ဖြူ စွာ ဝေငှခြင်းတစ်ပါး။

၅။ အချိန်နာရီနှင့် လုပ်ကိုင်စရာ အချိန်နာရီ ကျရောက်လျှင် အလုပ်မှလွှတ်ခြင်း၊ ဥပုသ် သီတင်းနေ့၊ ပွဲလမ်းသဘင်နေ့တို့၌ နေ့လွှတ် ပြု၍ သုံးဖွယ်၊ စားဖွယ်ပေး၍ လွှတ်ခြင်း၊ အသက်၊ အရွယ်ကြီးရင့်သောအခါ အငြိမ်းစား ကျွေးမွေး၍ ထားခြင်းတစ်ပါး။

သည်ကိုရည်၍-

* အားတန်ခိုင်းစေ၊ ကျေအောင် ပေးကျွေး၊ နာရေးပြုပြား၊ အစား ကောင်းမျှ၊ လွှတ်သင့်ကလွှတ်၊ ကျင့် ဝတ်တရား၊ ဤငါးပါး၊ မှတ်သား အရှင့်ဝတ်။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

မိခင်ရောဝတီ

http://www.dhammadownload.com



ကျွန်အမှုလုပ်တို့က ပြုရာသော ဝတ် ၅-ပါး

၁။ နံနက်စောစော၌ အရှင် မထမီ ရှေးဦးစွာ ထ၍ အရှင့်ဝတ်ပြုခြင်း တစ်ပါး။

၂။ အိပ်ရာဝင်သောအခါ အရှင်၏ဝတ်နိဗဒ်ကို ပြုပြီး၍ နောက်မှအိပ်ခြင်းတစ်ပါး။

၃။ အရှင့်ဥစ္စာကို မျက်မှောက်, မျက်ကွယ်တို့၌ ပေးမှယူခြင်းတစ်ပါး။

၄။ အလုပ်အကိုင် ကောင်းခြင်းတစ်ပါး။

၅။ အရှင်၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းလေ့ရှိခြင်း တစ်ပါး။

သည်ကိုရည်၍-

* အလျင် ထမြောက်၊ နောက်မှအိပ်ရေး၊ ပေးမှလည်းယူ၊ ပြုမှုကောင်းတုံ၊ ဂုဏ်ကိုပြောကြား၊ ဤငါးပါး၊ မှတ်သား ကျွန်တို့ဝတ်။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

http://www.dhammadownload.com



ဒါယကာတို့က ပြုရာသော ဝတ် ၅-ပါး

၁။ ရသေ့, ရဟန်းတို့အား မေတ္တာနှင့်ယှဉ်သော ကာယကံဝတ်နိဗဒ်ကို ပြုခြင်းတစ်ပါး။

၂။ မေတ္တာနှင့်ယှဉ်သော ဝစီကံစကားကို ပြောဆိုခြင်းတစ်ပါး။

၃။ မေတ္တာနှင့်ယှဉ်သော မနောကံမှုကို ပွါးများခြင်းတစ်ပါး။

၄။ ဘယ်အခါမဆို မိမိအိမ်သို့ ဝင်ပါ၊ အလိုရှိရာပြောဆိုပါ ဟုဖိတ်ကြားခြင်းတစ်ပါး။

၅။ ပစ္စည်း ၄-ပါးတို့ဖြင့် ထောက်ပံ့လှူဒါန်းပေးကမ်း ကျွေးမွေးခြင်းတစ်ပါး။

သည်ကိုရည်၍-

* မေတ္တာသုံးပါး၊ တံခါးဟင်းလင်း၊
ကျွေးမွေးခြင်း၊ ငါးသင်း လူတို့ဝတ်။

ဟူ၍စပ်ဆိုခဲ့ပေသည်။

http://www.dhammadownload.com



ရသေ့, ရဟန်းတို့က ပြုရာသော ဝတ် ၆-ပါး

၁။ မကောင်းမှုကို မပြုရအောင် ဆုံးမမြစ်တားခြင်းတစ်ပါး။

၂။ ဒါန, သီလ, ဥပေါသထ အစရှိသောကောင်းမှုတို့၌ တည်စေခြင်းတစ်ပါး။

၃။ လူတို့၌ ကရုဏာတရားဖြင့် သနားစိတ်ကောင်းစွာတည်ခြင်းတစ်ပါး။

၄။ မနာမကြားဖူးသေးသော တရားကို ကြားနာစေခြင်းတစ်ပါး။

၅။ ကြားနာဖူးသော တရားစကားကို အထူးပွင့်လင်းအောင် ထပ်မံ၍ ပြောဟောခြင်းတစ်ပါး။

၆။ ဒါန, သီလ စသော နတ်ရွာလမ်းကို ညွှန်ပြခြင်းတစ်ပါး။

သည်ကိုရည်၍-

* မကောင်းမြစ်တာ၊ ကောင်းရာညွှန်ကြား၊ သနားစိတ်နှူး၊ မကြားဖူးက၊ ပြသသွန်သင်၊ ကြားဖူးလျှင်မူ၊ ချဲ့ထွင်ခွဲခြမ်း၊ နတ်လမ်းရှင်းလင်း၊

မိခင်ရောဝတီ

http://www.dhammadownload.com



ဖော်ပြခြင်း၊ ခြောက်သင်း ရှင်တို့ဝတ်။

ဟူ၍စပ်ဆိုခဲ့ပေသည်။

အရပ်ဒိသာ ၆-မျက်နှာတို့ကို ရိုသေစွာ ရှိခိုးမှု-ဆိုသည်ကား အမျိုးကောင်းသား ဖြစ်သူသည်၊ ဤ ၆-မျိုးသော သူတို့၌ မိမိ၏သက်ဆိုင်ရာ ဝတ်နိဗဒ်တို့ကို ကျေလည်အောင်ပြုရသည်။ ဤသို့ပြုသည်ကို ရည်၍ "အရပ်ဒိသာ ၆-မျက်နှာတို့ကို ရိုသေစွာရှိခိုးရစ်လော့-" ဟု သိင်္ဂါလလုလင်အား အဖပုဏ္ဏား အဆုံးစကား မှာကြားခဲ့ပေသည်။ မိမိ၏ သက်ဆိုင်ရာ ဝတ်နိဗဒ်တို့ကို ကျေလည်အောင် ပြုမှုသည် အရပ်ဒိသာ ၆-မျက်နှာတို့ကို ရိုသေစွာ ရှိခိုးခြင်းလည်းမည်၏၊ အရပ်ဒိသာ ၆-မျက်နှာတို့ကို လုံခြုံစွာပိတ်ဆို့ထားခြင်းလည်းမည်၏။

ထို့ကြောင့်. ,.

* အရပ်ဒိသာ၊ ခြောက်မျက်နှာ၊ လုံစွာ
ပိတ်ဆို့ထား၊

ဟူ၍စပ်ဆိုခဲ့ပေသည်။

မိခင်ရောဝတီ

http://www.dhammadownload.com



ပိတ်ဆို့ထား-ဆိုသည်ကား. . အရပ်ဒိသာ ၆-မျက်နှာတို့မှ အတ္တာနုဝါဒဘေး, ပရာနုဝါဒ ဘေးတို့ မိမိထံသို့ မလာရအောင် ပိတ်ဆို့ ထားမှုတည်း။ သား, သမီးတို့သည် မိဖတို့၌ ၅-ပါးသော ဝတ်တို့ကို မပြုကုန်ငြားအံ့၊ အမိအဖ ဟူသော အရှေ့အရပ် မျက်နှာသည် ဟာလာ ဟင်းလင်းဖြစ်၏၊ ထိုအခါ ထိုအရပ်မျက်နှာမှ အတ္တာနုဝါဒဘေး,ပရာနုဝါဒဘေး -၂ -ပါး သည် ထိုသား, သမီးတို့သို့ ဝင်ရောက်၏၊ ဘေးသင့်၏။ ၅-ပါးသော ဝတ်ကို ပြုကုန်သော သား, သမီးတို့အား ထိုအရပ်မျက်နှာသည် လုံခြုံ၏၊ အမိ, အဖတို့နှင့် စပ်သော ဘေး-၂-ပါးသည် ထိုသား, သမီးတို့သို့ မရောက်ပြီ၊ ဘေး ကင်း၏၊ ထို့ကြောင့် ဝတ်ပြုမှုကို ပိတ်ဆို့ထား မှုဟု ဆိုသတည်း။

၁။ အတ္တာနုဝါဒဘေး-ဆိုသည်ကား . .

ငါမပြုခဲ့လေခြင်း-ဟုမိမိကိုယ်ကို မိမိစွပ်စွဲ သောဘေးတည်း။

မိခင်ရောဝတီ

http://www.dhammadownload.com



၂။ ပရာနုဝါဒဘေး-ဆိုသည်ကား . . လောက၌ လူပညာရှိ, ရှင်ပညာရှိတို့သည်လည်းကောင်း၊ ကိုယ်စောင့်နတ်, အိမ်စောင့်နတ်, မြို့စောင့်နတ်, ရွာစောင့်နတ်, သာသနာစောင့်နတ်, လောကပါလနတ်တို့သည်လည်းကောင်း၊ ထိုသား, သမီးများကို ကဲ့ရဲ့ကြကုန်၏။ ဤသို့ သူတစ်ပါးတို့၏ ကဲ့ရဲ့ခြင်းသည် ပရာနုဝါဒဘေးမည်၏။

အတ္တာနုဝါဒဘေးနှင့် သေလွန်လျှင် အပါယ်ငရဲမြဲ၏၊ ပရာနုဝါဒဘေးအတွက် လူသူတော်ကောင်း, ရှင်သူတော်ကောင်း, နတ်သူတော်ကောင်းတို့၏ အလယ်၌ အရှုပ်ပျက်၏၊ လူရာမဝင်ရှိ၏၊ အလောင်း အလျာမျိုးမှ အပဖြစ်၏။ ဆရာသမားတို့၌ ဝတ်နိဗဒ်ကို မပြုလျှင် တောင်မျက်နှာ ဟာ၏၊ တောင်မျက်နှာမှ ဘေး ၂-ပါးလာ၏။ သား, မယားတို့၌ ဝတ်နိဗဒ် မပြုလျှင် အနောက်မျက်နှာ ဟာ၏၊ အနောက် မျက်နှာမှ ဘေး ၂-ပါးနှင့်တကွ ဒုက္ခများစွာ လာတတ်၏။

http://www.dhammadownload.com



မိတ်ဆွေခင်ပွန်းတို့၌ ဝတ်နိဗဒ်မပြုလျှင် မြောက်မျက်နှာ ဟာ၏၊ အကြောင်းကိစ္စရှိသော အခါ ကိုးကွယ်ရာမဲ့ ဖြစ်တတ်၏။

ကျေးကျွန်အမှုလုပ်တို့၌ ဝတ်နိဗဒ်ကို မပြုလျှင် အောက်မျက်နှာ ဟာ၏၊ စီးပွါးရေး ပျက်ကွက်တတ်၏။

ရသေ့, ရဟန်းတို့၌, ဝတ်နိဗဒ်ကိုမပြုလျှင် အထက်မျက်နှာ ဟာ၏၊ အပါယ်ငရဲ၌ အနစ် ကြီးနစ်၍ သွားတတ်၏။

ဆိုအပ်ပြီးသော ဝတ်တို့ကို ပြုကြ ကုန်သောသူတို့အား အရပ် ၆-မျက်နှာ လုံခြုံ၏၊ ထိုဘေးစု မဝင်နိုင်ရှိ၏၊ ဘေးကင်း၏၊ လူ့ အလယ်, နတ်အလယ်၌ တင့်တယ်၏၊ အလောင်းအလျာမျိုး၌ ပါဝင်၏၊ ပစ္စုပ္ပန်, သံသရာ လမ်းဖြောင့်၏၊ မဂ်စခန်း, ဖိုလ်စခန်းနီး၏။

**အရပ်ဒိသာ ၆-မျက်နှာကို ရှိသေစွာ ရှိခိုးမှုပြီး၏။**

*********

မိခင်ရောဝတီ

http://www.dhammadownload.com



## ဒုစရိုက် ၁၀-ပါး

၁။ ပါဏာတိပါတ= သူ့အသက်ကိုသတ်ခြင်း တစ်ပါး။

၂။ အဒိန္နာဒါန= သူ့ဥစ္စာကို ခိုးခြင်းတစ်ပါး။

၃။ ကာမေသုမိစ္ဆာစာရ= ကာမဂုဏ် အမှုတို့၌ မှောက်မှားသောအကျင့်တစ်ပါး။

၄။ မုသာဝါဒ= မဟုတ်မမှန်စကား ပြောခြင်း တစ်ပါး။

၅။ ပိသုဏာဝါစာ= ကုန်းတိုက်စကား ပြောခြင်း တစ်ပါး။

၆။ ဖရုသဝါစာ= အကြမ်းအတမ်းဆဲရေးခြင်း တစ်ပါး။

၇။ သမ္ဖပ္ပလာပ=အကျိုးမရှိ ပြိန်ဖျင်းသော ဒဏ္ဍာရီစကားမျိုးကို ပြောလေ့ရှိခြင်း တစ်ပါး။

၈။ အဘိဇ္ဈာ=သူ့ပိုင်နက်ကို ငါ့ပိုင်နက် ဖြစ်လျှင်ကောင်းလေစွဟု တောင့်တခြင်း တစ်ပါး။

မိခင်ရောဝတီ

http://www.dhammadownload.com



၉။ ဗျာပါဒ=သူ့အသက်ခန္ဓာကို ပျက်စီးစေလိုခြင်းတစ်ပါး။

၁၀။မိစ္ဆာဒိဋ္ဌိ=ကံ, ကံ၏အကျိုးကို ပယ်ရှား၍ မှားသောအယူရှိခြင်း တစ်ပါး။

သည်ကိုရည်၍-

* သက်သတ်, ခိုးဝှက်၊ အိမ်ရာဖျက်၊ သုံးချက် ကာယကံ။
* မုသာ, မိတ်ခွဲ၊ ဆဲရေး, ပြိန်ဖျင်း၊ အပါယ်ချဉ်း၊ လေးသင်း ဝစီကံ။
* သူ့ပိုင်နက်ကို၊ ကိုယ့်ဘက်ညွှတ်စေ၊ အသေတောင့်တ၊ ပါပဒိဋ္ဌိ၊ အယူငြိ၊ တြိမနောကံ။

ဟူ၍စပ်ဆိုခဲ့ပေသည်။

ဒုစရိုက် ၁၀-ပါးပြီး၏။

*********

http://www.dhammadownload.com



## သုစရိုက် ၁၀-ပါး

၁။ ပါဏာတိပါတဝိရတိ= သူ့အသက်ကို သတ်ခြင်းမှ ကြဉ်ရှောင်ခြင်း။

၂။ အဒိန္နာဒါနဝိရတိ= သူ့ဉစ္စာကို ခိုးခြင်းမှ ကြဉ်ရှောင်ခြင်း။

၃။ ကာမေသုမိစ္ဆာစာရဝိရတိ= ကာမဂုဏ်မှုတို့၌ မှောက်မှားသောအကျင့်မှ ကြဉ်ရှောင်ခြင်း။

၄။ မုသာဝါဒဝိရတိ= မဟုတ်မမှန်သော စကားပြောမှုမှ ကြဉ်ရှောင်ခြင်း။

၅။ ပိသုဏာဝါစာဝိရတိ=ကုန်းတိုက်စကား ပြောမှုမှ ကြဉ်ရှောင်ခြင်း

၆။ ဖရုသဝါစာဝိရတိ= အကြမ်းအတမ်းဆဲရေးမှုမှ ကြဉ်ရှောင်ခြင်း။

၇။ သမ္ဖပ္ပလာပဝိရတိ= အကျိုးမရှိ ပြိန်ဖျင်းသော စကားကို ပြောဟောမှုမှ ကြဉ်ရှောင်ခြင်း။

၈။ အနဘိဇ္ဈာ= သူ့ပိုင်နက်ကို တောင့်တမှုမရှိခြင်း။

မိခင်ရောဝတီ

http://www.dhammadownload.com



၉။ အဗျာပါဒ= သူ့အသက်ကို ပျက်စီးစေလိုမှု
မရှိခြင်း။

၁၀။သမ္မာဒိဋ္ဌိ= ကံ, ကံ၏အကျိုးကို ကောင်းစွာ
မြင်ခြင်း။

သည်ကိုရည်၍---

* ကာ. ဒုသုံးပါး၊ ကြဉ်ရှောင်ငြား၊ သုံးပါး ကာယကံ။
* နှုတ်. ဒုလေးပါး၊ ကြဉ်ရှောင်ငြား၊ လေးပါး ဝစီကံ။
* သူ့ ပိုင်နက်ကို၊ မက်မောမကျူး၊ ကြည်နူးမေတ္တာ၊ ကံသာအရင်း၊ ဖြူဖြောင့်စင်း၊ သုံးသင်း မနောကံ။

ဟူ၍စပ်ဆိုခဲ့ပေသည်။

အတ္တက္ခာယီမိတ်, မိဖဝတ်တို့၌---

၁။ မကောင်းမြစ်တား,

၂။ ကောင်းရာသွင်းထား,

ဝတ် ၂-ပါးရှိ၏

မိခင်ရောဝတီ

http://www.dhammadownload.com



မကောင်း ဆိုသည်ကား---ကမ္မကိလေသာ ၄-ပါး, အဂတိ ၄-ပါး, ယစ်မျိုးသောက်စားမှု, အလောင်းအစား ကစားကြူးမှု, ပွဲလမ်းသဘင်ကြူးမှု, ညဥ့်လမ်းလျှောက်မှု, မိတ်ဆိုး ၄-မျိုးတို့နှင့် ပေါင်းဖော်မှု, အသင်အကြား အလုပ်အကိုင်ပျင်းရိမှု ဤအလုံးစုံသည် မကောင်းရာ မည်၏။

၁။ ပါဏာတိပါတ,

၂။ အဒိန္နာဒါန,

၃။ ကာမေသုမိစ္ဆာစာရ,

၄။ မုသာဝါဒ,

၅။ ပိသုဏာဝါစာ,

၆။ ဖရုသဝါစာ,

၇။ သမ္ဖပ္ပလာပ,

၈။ အဘိဇ္ဈာ,

၉။ ဗျာပါဒ,

၁၀။ မိစ္ဆာဒိဋ္ဌိ,

http://www.dhammadownload.com



* သက်သတ်, ခိုးဝှက်၊ အိမ်ရာဖျက်၊
သုံးချက် ကာယကံ။
* မုသာ, မိတ်ခွဲ၊ ဆဲရေးပြိန်ဖျင်း၊
ပြောဆိုခြင်း၊ လေးသင်း ဝစီကံ။
* သူ့ပိုင်နက်ကို၊ ကိုယ့်ဘက်ညွှတ်စေ၊
အသေတောင့်တ၊ ဒသဝတ္ထု၊ ဒိဋ္ဌိစု၊
သုံးခု မနောကံ။

ဟူ၍လာသော ဒုစရိုက် ၁၀-ပါး၊ အကုသိုလ်ကမ္မပထတရား ၁၀-ပါးသည်လည်း မကောင်းရာမည်၏။

အိမ်ရာဖျက် - ဆိုသည်ကား. . . . ကာမေသုမိစ္ဆာစာရအမှုတည်း။

နောက်ကဗျာ၌ မိတ်ခွဲ-ဆိုသည်ကား. . . သူ ၂-ဦးတို့ကို အချစ်ပျက်အောင်ပြုခြင်းတည်း။

ပြိန်ဖျင်းသောစကား. . . ဆိုသည်ကား ရာမဇာတ်, အီနောင်ဇာတ်, ငွေတောင်ဇာတ်, ဘာရတဇာတ်, ယခုလောက၌ လုပ်ကြံသော ဇာတ်ဝတ္ထု စာအုပ်စုတည်း။

မိခင်ရောဝတီ

http://www.dhammadownload.com



ကိုယ့်ဘက်ညွှတ်စေ- ဆိုသည်ကား. . . ငါ၏ဥစ္စာ ဖြစ်ပါတော့. . ဟု တောင့်တခြင်းတည်း။

အသေတောင့်တ- ဆိုသည်ကား. . . သတ္တဝါ တစ်ပါးကို သေကြေ ပျက်စီးပါစေ- ဟုတောင့်တခြင်းတည်း။

ပေးလှူမှုသည် အကျိုးမရှိ, ပူဇော်မှုသည် အကျိုးမရှိ-စသည်ဖြင့် အမှုဝတ္ထု ၁၀-မျိုး ရှိသော ဒိဋ္ဌိစုသည် မိစ္ဆာဒိဋ္ဌိမည်၏။

ကောင်းရာ-ဆိုသည်ကား. . .သမာန သုခ ဒုက္ခမိတ် အစရှိသော မိတ်ကောင်း, မိတ်စစ် ၄-မျိုးတို့နှင့်သာ ပေါင်းဖော်ခြင်း, အရပ်ဒိသာ ၆-မျက်နှာတို့၌ ပြဆိုခဲ့ပြီးသော ဝတ်နိဗဒ်တို့ကို ကျေလည်စွာ ပြုခြင်းများသည် ကောင်းရာဌာနမည်၏။

သုစရိုက် ၁၀-ပါးပြီး၏။

*********

http://www.dhammadownload.com



## ဩကာသ-ဆိုပုံ

ဗုဒ္ဓဘာသာ လူမျိုးတို့၌မူကား ၅-နှစ်ရွယ်, ၆-နှစ်ရွယ်, ၇-နှစ်ရွယ်မှစ၍ သရဏဂုံ ၃-ပါး, ၅-ပါးသီလ, ၈-ပါးဥပုသ်, သုစရိုက် ၁၀-ပါး, ဖြဟ္မစိုရ်တရား ၄-ပါး, ပုညကိရိယာဝတ္ထု ၁၀-ပါး, ပါရမီ ၁၀-ပါး များသည်လည်း ကောင်းရာဌာန မည်၏။ ထို့ကြောင့် ဗုဒ္ဓဘာသာ ကျောင်းသား သူငယ်တို့အား အသက်ထက်ဆုံး စွဲမြဲကြရန် အချက်စုကို ဆိုပေအံ့။

ရတနာ ၃-ပါးတို့အား ရှိခိုးဝပ်ချသောအခါ၌ ပုဆစ်ဒူး ၂-ခု၊ လက် ၂-ခု၊ နဖူးပြင် ၁-ခုတို့ကို မြေ၌ထားလျက် ၃-ကြိမ် ရှိခိုးဝပ်ချရမည်။

ထို့နောက် ထိုင်၍ လက်အုပ်ချီမိုးလျက်. . .

ဩကာသ, ဩကာသ, ဩကာသ

ဘုရားရတနာ, တရားရတနာ, သံဃာရတနာ တည်းဟူသော ရတနာမြတ်သုံးပါး အပေါင်း အား ကာယဝန္ဒနာ, ဝါစာဝန္ဒနာ, မနောဝန္ဒနာ တည်းဟူသော သုံးပါးသော ရှိခိုးခြင်းတို့ဖြင့်

မိခင်ဧရာဝတီ

http://www.dhammadownload.com



အကျွန်ုပ် အရှိအသေ အလေးအမြတ်ပြု၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ ဘုရား။

ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ ပါရသော ဤကောင်းမှု ဤကုသိုလ်စေတနာ၏ အာနုဘော်ကြောင့် ဒိဋ္ဌဓမ္မ ဤဘဝမှစ၍ ဖြစ်လေရာရာ ဘဝတိုင်းတို့၌ အပါယ်လေးပါး, ကပ်သုံးပါး, ရပ်ပြစ်ရှစ်ပါး, ရန်သူမျိုးငါးပါး, ဝိပတ္တိတရား လေးပါးတို့မှ အစဉ်ကင်းလွတ်၍ ရာဂ ဒေါသ မောဟ ဇာတိအစရှိသော မီးတစ်ဆယ့်တစ်ပါးတို့၏ ကင်းငြိမ်းရာ ခေမာ အမတံ ပြည်နိဗ္ဗာန်သို့ အမြန်ရောက်ရပါလို၏။

[ဩကာသ ကြေကြေမွမွရစေ]

ဩကာသဆိုပုံပြီး၏။

*********

http://www.dhammadownload.com



# နမော တဿ ပါဠ် အနက်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

[သုံးခေါက်ဆို]

အရဟတော။ ပြဟ္မာ, နတ်, လူ သုံးဘုံသူတို့၏ ကြည်ဖြူကော်ရော် ပူဇော်အထူးကို ခံတော်မူထိုက်ကြောင်းဖြစ်သော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, ဝိမုတ္တိဂုဏ်, ဝိမုတ္တိဉာဏဒဿနဂုဏ်တို့နှင့် ပြည့်စုံတော်မူပေထသော၊ သမ္မာသမ္ဗုဒ္ဓဿ။ သစ္စာဥေယျ ဓမ္မအပုံအလုံးစုံကို အကုန်မကျန် မြတ်ရွှေဉာဏ်ဖြင့် အမှန်ထိုးထွင်း အလင်းထင်ပေါ် သိမြင်တော်မူပေထသော၊ တဿ ဘဂဝတော။ ထိုမြတ်စွာဘုရားအား၊ နမော- နမာမိ။ ရှိခိုးပါ၏။

[ဤနမောတဿ-ကို မဟာနမက္ကာရကြီးဟူ၍ သဒ္ဒနီတိကျမ်း၌ ဆို၏၊ ဘုရားလက်ထက်တော်မှ အစဉ်အဆက်လာသော မဟာပဏာမကြီးပေတည်း။ ။ ကြေကြေမွမွ ရစေ။]

နမော တဿပါဠ် အနက်ပြီး၏။
မိခင်ရောဝတီ

http://www.dhammadownload.com



## သရဏဂုံ ပါဠိ၊ အနက်

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ။

၃။ သံဃံ သရဏံ ဂစ္ဆာမိ။

[ဒုတိယမ္ပိ၊ တတိယမ္ပိ သုံးခေါက်ဆိုလေ]

၁။ ဗုဒ္ဓံ=မြတ်စွာဘုရားကို၊ သရဏံ-သရဏံ ဂ္ဂတိ၊ ဒုက္ခကင်းပျောက် ချမ်းသာရောက်ဖို့ ထောက်ရာ, တည်ရာ, ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ=ဆည်းကပ်ပါ၏။

၂။ ဓမ္မံ=မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ်- အမြတ်ဆယ်ဖော် တရားတော်ကို၊ သရဏံ-သရဏံဂ္ဂတိ= ဒုက္ခကင်းပျောက် ချမ်းသာရောက်ဖို့ ထောက်ရာ, တည်ရာ, ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ=ဆည်းကပ်ပါ၏။

၃။ သံဃံ=သီလဝန်, ဂုဏဝန်, ပညဝန်, ကလျာဏပုထုဇဉ် အရှင်မွန် အရှင်မြတ်တို့နှင့်တကွ ပရမတ္ထသံဃာ အရိယာပုဂ္ဂိုလ်

မိခင်ရောဝတီ

http://www.dhammadownload.com



အပေါင်းကို။ သရဏံ-သရဏံဂုဏ်တိ ဒုက္ခ ကင်းပျောက် ချမ်းသာရောက်ဖို့ ထောက်ရာ,တည်ရာ, ကိုးကွယ်ရာ-ဟူ၍၊ ဂစ္ဆာမိ ဆည်းကပ်ပါ၏။

[ကြေကြေ မွမွရစေ။]

သရဏဂုံ ပါဌ်, အနက်ပြီး၏။

*********

၅-ပါးသီလ ပါဌ်, အနက်

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

http://www.dhammadownload.com



၅။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၁။ ပါဏာတိပါတာ= သူ့အသက်ကို သတ်ခြင်းမှ၊ ဝေရမဏီ-သိက္ခာပဒံ= လွတ်ကင်းလေအောင် ဝေးစွာရှောင်ခြင်း တည်းဟူသော သိက္ခာပဒ သီလအစု ကုသိုလ်မှုကို၊ သမာဒိယာမိ= ကောင်းစွာခံယူဆောက်တည်ပါ၏။

၂။ အဒိန္နာဒါနာ=အရှင်မပေးသော သူ၏ဥစ္စာကို ယူခြင်းမှ၊ ဝေရမဏီ-သိက္ခာပဒံ= လွတ်ကင်းလေအောင် ဝေးစွာရှောင်ခြင်း တည်းဟူသော သိက္ခာပဒ သီလအစု ကုသိုလ်မှုကို၊ သမာဒိယာမိ= ကောင်းစွာ ခံယူဆောက်တည်ပါ၏။

၃။ ကာမေသု=ကာမမှုတို့၌၊ မိစ္ဆာစာရာ= မှောက်မှောက် မှားမှား ပြုကျင့်ခြင်းမှ၊ ဝေရမဏီ-သိက္ခာပဒံ=လွတ်ကင်းလေအောင် ဝေးစွာရှောင်ခြင်းတည်းဟူသော

http://www.dhammadownload.com



သိက္ခာပဒ သီလအစု ကုသိုလ်မှုကို၊ သမာဒိယာမိ ကောင်းစွာခံယူဆောက်တည်ပါ၏။

၄။ မုသာဝါဒါ-မဟုတ်မမှန်သည်ကို အမှန်အဟုတ် ပြုလုပ်ပြောဆိုခြင်းမှ၊ ဝေရမဏီ-သိက္ခာပဒံ-လွတ်ကင်းလေအောင် ဝေးစွာရှောင်ခြင်းတည်းဟူသော သိက္ခာပဒ သီလအစုကုသိုလ်မှုကို၊ သမာဒိယာမိ ကောင်းစွာခံယူဆောက်တည်ပါ၏။

၅။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ- သေရည်ငါးထွေ သေရက်ငါးပါး ယစ်မျိုးများနှင့် အစားအလောင်း မေ့လျော့ကြောင်းမှ၊ ဝေရမဏီ-သိက္ခာပဒံ- လွတ်ကင်းလေအောင် ဝေးစွာရှောင်ခြင်း တည်းဟူသော သိက္ခာပဒ သီလအစု ကုသိုလ်မှုကို၊ သမာဒိယာမိ ကောင်းစွာခံယူ ဆောက်တည်ပါ၏။

ငါးပါးသီလ ပါဠိ, အနက်ပြီး၏။

*********

မိခင်ဧရာဝတီ

http://www.dhammadownload.com



## ၈-ပါးသီလ ပါဠိ, အနက်

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၃။ အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၆။ ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၈။ ဥစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

မိခင်ဇရာဝတီ

http://www.dhammadownload.com



## ၈-ပါးသီလ၌ ထူးသောအနက်

၃။ အဗြဟ္မစရိယာ=မေထုန်ကာမ ယုတ်ညံ့လှသော အကျင့်မှ-

၆။ ဝိကာလဘောဇနာ=နေလွဲညစာ စားခြင်းမှ-

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသန-ဋ္ဌာနာ= ကပွဲ, သီပွဲ, တီးမှုတ်ပွဲ, လက်ဝှေ့ပွဲ, လက်ပမ်းပွဲ, ဆင်တိုက်ပွဲ, မြင်းပြိုင်ပွဲ စသည်တို့ကို ကြည့်ရှုခြင်း, ပန်းပန်ခြင်း, နံ့သာလိမ်းခြင်း, အလှဆေး ခြယ်လယ်ခြင်း စသော အရာဌာနမျိုးမှ-

၈။ ဥစ္စာသယန မဟာသယနာ= တစ်တောင့်ထွာပမာဏထက်မြင့်သော ပလ္လင် ညောင်စောင်း, အကောင်းအမြတ် ဖြစ်သော အခင်းနှီးမျိုးမှ၊ ဝေရမဏီ သိက္ခာပဒံ= လွတ်ကင်းလေအောင် ဝေးစွာရှောင်ခြင်း တည်းဟူသော သိက္ခာပဒ သီလအစု ကုသိုလ်မှုကို၊ သမာဒိယာမိ= ကောင်းစွာခံယူ ဆောက်မိခင်ဧရာဝတီ

http://www.dhammadownload.com



တည်ပါ၏။

ဂ-ပါးသီလ ပါဌ်, အနက် ပြီး၏။

*********

## သုစရိုက် ၁၀-ပါး

၁။ ကာယဒုစရိုက် ၃-ပါးမှ ကြဉ်ရှောင်မှုသည် ကုသိုလ်ကာယကံ ၃-ပါးဖြစ်၏။

၂။ ဝစီဒုစရိုက် ၄-ပါးမှ ကြဉ်ရှောင်မှုသည် ကုသိုလ်ဝစီကံ ၄-ပါးဖြစ်၏။

၃။ အနဘိဇ္ဈာ, အဗျာပါဒ, သမ္မာဒိဋ္ဌိ ဤ သုံးပါးသည် ကုသိုလ်မနောကံ ၃-ပါး မည်၏။

[သုစရိုက် ၁၀-ပါးတည်း၊ ကုသလကမ္မပထ တရား ၁၀-ပါးလည်း ခေါ်၏။]

* ကာ. ဒုသုံးပါး၊ ကြဉ်ရှောင်ခြား၊ သုံးပါး ကာယကံ။

* နှုတ်. ဒုလေးပါး၊ ကြဉ်ရှောင်ခြား၊ လေးပါး ဝစီကံ။

http://www.dhammadownload.com



* အနဘိဇ္ဈာ၊ အဗျာပါ နှင့်၊ သမ္မာဒိဋ္ဌိ၊
ဖြောင့်မှန်သိ၊ တြိ မနောကံ။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

သူ့ပိုင်နက်ကို သူ့ပိုင်နက်အနေနှင့် ကြည်ဖြူနေမှုသည် အနဘိဇ္ဈာမည်၏၊ မေတ္တာတရားသည် အဗျာပါဒမည်၏၊ ပေးကမ်းလှူဒါန်းမှုသည် နောင်ဘဝ၌ အကျိုးရှိ၏-စသည်ဖြင့် အမှုဝတ္ထု ၁၀-မျိုးရှိသော ဒိဋ္ဌိသည် သမ္မာဒိဋ္ဌိမည်၏။

သုစရိုက် ၁၀-ပါး ပြီး၏။

*********

## ပုညကိရိယာ ဝတ္ထု ၁၀-ပါး

၁။ ဒါနံ- လှူဒါန်းပေးကမ်းခြင်းတစ်ပါး။

၂။ သီလံ- နိစ္စသီလ, ဥပေါသထသီလ ဟူသော သီလတစ်ပါး။

၃။ ဘာဝနာ- သမထဘာဝနာ, ဝိပဿနာဘာဝနာ ဟူသော ဘာဝနာတစ်ပါး။

http://www.dhammadownload.com



၄။ အပစာယန်= ရိုသေသမှုပြုခြင်းဟူသော အပစာယန တစ်ပါး။

၅။ ဝေယျာဝစ္စ= ကောင်းသောအမှုတို့၌ ကြောင့်ကြ စိုက်ထုတ်ခြင်းဟူသော ဝေယျာဝစ္စတစ်ပါး။

၆။ ပတ္တိဒါန်= မိမိပြုသော ကုသိုလ်အဖို့ကို သူတစ်ပါးတို့အား ဝေငှခြင်းဟူသော ပတ္တိဒါန တစ်ပါး။

၇။ ပတ္တာနုမောဒန်= သူဝေငှသော ကုသိုလ် အဖို့ကို သာဓုခေါ်ခြင်းဟူသော ပတ္တာနုမောဒန တစ်ပါး။

၈။ ဓမ္မဿဝန်= သူသင်ကြားပြောဟောသော တရားကို ကြည်ညိုစွာ နာယူခြင်းဟူသော ဓမ္မဿဝနတစ်ပါး။

၉။ ဓမ္မဒေသနာ= မိမိသိရှိသော တရားကို သူတစ်ပါးအား သင်ကြားပြောဟောခြင်း ဟူသော ဓမ္မဒေသနာတစ်ပါး။

၁၀။ ဒိဋ္ဌိဇုကမ္မ=အမှုဝတ္ထု ၁၀-မျိုးရှိသော သမ္မာဒိဋ္ဌိဉာဏ်ကို ဖြောင့်မတ်အောင်

မိခင်ဧရာဝတီ

http://www.dhammadownload.com



ပြုခြင်းဟူသော ဒိဋ္ဌိဇုကမ္မတစ်ပါး။
ပုညကြိယာဝတ္ထု ၁၀-ပါးပြီး၏။

*********

## ပါရမီ ၁၀-ပါး

| | | | |
|---|---|---|---|
| ၁။ | ဒါနံ | = | ဒါနပါရမီ။ |
| ၂။ | သီလံ | = | သီလပါရမီ။ |
| ၃။ | နေက္ခမ္မံ | = | နေက္ခမ္မပါရမီ။ |
| ၄။ | ပညာ | = | ပညာပါရမီ။ |
| ၅။ | ဝီရိယံ | = | ဝီရိယပါရမီ။ |
| ၆။ | ခန္တီ | = | ခန္တီပါရမီ။ |
| ၇။ | သစ္စံ | = | သစ္စာပါရမီ။ |
| ၈။ | အဓိဋ္ဌာနံ | = | အဓိဋ္ဌာန်ပါရမီ။ |
| ၉။ | မေတ္တာ | = | မေတ္တာပါရမီ။ |
| ၁၀။ | ဥပေက္ခာ | = | ဥပေက္ခာပါရမီ။ |

ပါရမီ ၁၀-ပါးပြီး၏။

*********

မိခင်ရောဝတီ

http://www.dhammadownload.com



## ဗြဟ္မဝိဟာရတရား ၄-ပါး

၁။ မေတ္တာ = မေတ္တာတရား။

၂။ ကရုဏာ = ကရုဏာတရား။

၃။ မုဒိတာ = မုဒိတာတရား။

၄။ ဥပေက္ခာ = ဥပေက္ခာတရား။

[ဗြဟ္မဝိဟာရတရား ၄-ပါး၊ ဗြဟ္မစိုရ်တရား ၄-ပါးလည်း ခေါ်၏။]

ဗြဟ္မဝိဟာရတရား ၄-ပါး ပြီး၏။

*********

## ဗောဓိ ၃-ပါး

၁။ သာဝကဗောဓိ။

၂။ ပစ္စေကဗောဓိ။

၃။ သမ္မာသမ္ဗောဓိ။

[သရဏဂုံ ၃-ပါးမှ စ၍ ဗောဓိ ၃-ပါးတိုင်အောင် ဤတရားတို့၌ သဒ္ဓါ၊ ပညာ ကောင်းစွာတည်အောင် ဆုံးမခြင်းသည်လည်း ကောင်းရာသွင်းထားမှု မည်၏။]

ဗောဓိ ၃-ပါး ပြီး၏။

မိခင်ဇရာဝတီ

http://www.dhammadownload.com



## ဘုရားဂုဏ်တော် ၉-ပါး

ဣတိပိ သော ဘဂဝါ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသဒမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ။

### အရဟံ ဂုဏ်တော်

၁။ သော ဘဂဝါ=ထိုအကျွန်ုပ်တို့ဆရာ မြတ်စွာဘုရားသည်၊ ဣတိပိ=ဤသို့လျှင် ဗြဟ္မာ, နတ်, လူ သုံးဘုံသူတို့၏ ကြည်ဖြူကော်ရော် ပူဇော်အထူးကို ခံထိုက်ကြောင်းဖြစ်သော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, ဝိမုတ္တိဂုဏ်, ဝိမုတ္တိဉာဏဒဿနဂုဏ်တို့နှင့် ပြည့်စုံတော်မူပေသောကြောင့်လည်း၊ အရဟံ=အရဟာမည်တော်မူပေ၏။

### သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်

၂။ ဣတိပိ=ဤသို့လျှင် သစ္စာ ၎ ယျ ဓမ္မအပုံ အလုံးစုံကို အကုန်မကျန် မြတ်ရွှေဉာဏ်ဖြင့် အမှန်ထိုးထွင်း အလင်းထင်ပေါ် သိမြင်

http://www.dhammadownload.com



တော်မူပေသောကြောင့်လည်း၊ သမ္မာသမ္ဗုဒ္ဓေါ= သမ္မာသမ္ဗုဒ္ဓ မည်တော်မူပေ၏။

## ဝိဇ္ဇာစရဏသမ္ပန္န ဂုဏ်တော်

၃။ ဤ္ကာတိပိ=ဤသို့လျှင် စရဏအပြား တစ်ဆယ့်ငါး တည့် သုံးပါး, ရှစ်ဖြာ ဉာဏ်ဝိဇ္ဇာတို့နှင့် ကောင်းစွာ ပြည့်စုံတော်မူပေသောကြောင့် လည်း၊ ဝိဇ္ဇာစရဏသမ္ပန္နော= ဝိဇ္ဇာစရဏ သမ္ပန္န မည်တော်မူပေ၏။

## သုဂတဂုဏ်တော်

၄။ ဣတိပိ=ဤသို့လျှင် သဿတဒိဋ္ဌိ, ဥစ္ဆေဒ ဒိဋ္ဌိ မကပ်ငြိပဲ မဇ္ဈိမပဋိပတ် ကောင်းမြတ် ဖြောင့်တန်း မဂ္ဂင် -လမ်းဖြင့် ရွှေနန်းပုရီ ဘေးမဲ့ပြည်သို့ ကြွချီဆိုက်ရောက်တော် မူပေသောကြောင့် လည်း၊ သုဂတော= သုဂတ မည်တော်မူပေ၏။

## လောကဝိဒူဂုဏ်တော်

၅။ ဣတိပိ= ဤသို့လျှင် ကာမ, ရူပ, အရူပ- ဟု လောကအပြင် ဘုံတစ်ခွင်ကို ကုန်စင်

http://www.dhammadownload.com



ခပင်း မကျန်ကြွင်းအောင် အလင်းထင်ပေါ်
သိမြင်တော်မူပေသောကြောင့် လည်း၊
လောကဝိဒူ= လောကဝိဒူမည်တော်မူပေ၏။

အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ်တော်

၆။ ဤသို့လျှင် ဇာတိမာန်, ပုညမာန်, ဂုဏမာန်, ဗလမာန်, ဣဒ္ဓိမာန်, ပညာမာန် တို့ဖြင့် မိုးစွန်ကြွားကြွား ငါတကား-ဟု ကြုံးဝါးခက်ထန် အဆိပ်လျှံသည့် နန္ဒောပနန္ဒ, အင်္ဂုလိမာလ, သစ္စကနှင့် ဗကဗြဟ္မာ သတ္တဝါတို့ကို ဒေသနာသံ ဆိပ်အန်ငြိမ်းဆေး အမြန်ပေး၍ ယဉ်ကျေးအောင်ပြုဆုံးမမှုဝယ် အတုမရှိ လွန်ကဲဘိသောကြောင့်လည်း၊ အနုတ္တရောပုရိသဒမ္မသာရထိ= အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူပေ၏။

သတ္ထာဒေဝမနုဿာန ဂုဏ်တော်

၇။ ဤသို့လျှင် လူ, နတ်, ဗြဟ္မာ သတ္တဝါအများ သောင်းတိုက်သားတို့၏

http://www.dhammadownload.com



ဝပ်တွားရှိပျောင်း ညွှတ်ညောင်းခယ ဆုံးမ ခံရာ ဆရာသခင် ဦးထိပ်တင်ကြီး ဖြစ်ပေသောကြောင့်လည်း၊ သတ္ထာဒေဝမနုဿာနံ- သတ္ထာဒေဝမနုဿာန မည်တော်မူပေ၏။

ဗုဒ္ဓဂုဏ်တော်

၈။ ဣတိပိ-ဤသို့လျှင် သစ္စာလေးရပ် တရားမြတ်ကို လူ, နတ်အများ သိထင်ရှားအောင် ဟောကြားထုတ်ဖော် သိစေတော်မူပေသောကြောင့်လည်း၊ ဗုဒ္ဓေါ-ဗုဒ္ဓ မည်တော်မူပေ၏။

ဘဂဝါဂုဏ်တော်

၉။ ဣတိပိ-ဤသို့လျှင် ဘုန်းတော်အနန္တ, ကံတော်အနန္တ, ဉာဏ်တော်အနန္တ, တန်ခိုးတော်အနန္တ ကြီးမြတ်လှ၍ လောကသုံးပါး လူအများတို့ လေးစားဂရု ချီးပမူကြောင့်လည်း၊ ဘဂဝါ-ဘဂဝါမည်တော်မူပေ၏။

တံ -ထိုအရဟံ အစ, ဘဂဝါအဆုံး ဘဝင်ချုန်းမျှ ဘုန်းရှိန်ကြီးမား ဂုဏ် ၉-ပါးနှင့် ပြည့်စုံ

မိခင်ရောဝတီ

http://www.dhammadownload.com



တော်မူသော မြတ်စွာဘုရားကို၊ အဟံ= တပည့်တော်သည်၊ ဝန္ဒာမိ=ရှိခိုးပါ၏။

ဘုရားဂုဏ်တော် ၉-ပါးပြီး၏။

*********

## တရားဂုဏ်တော် ၆-ပါး

သွာက္ခာတော ဘဂဝတာ ဓမ္မော၊ သန္ဒိဋ္ဌိကော၊ အကာလိကော၊ ဧဟိပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

### သွာက္ခာတဂုဏ်တော်

၁။ ဘဂဝတာ=မြတ်စွာဘုရားသည်၊ ဓမ္မော= တရားတော်မြတ်ကို၊ သွာက္ခာတော=အစ, အလယ်, အဆုံး-သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံစွာ ဟောကြားတော်မူအပ်ပါပေ၏။

### သန္ဒိဋ္ဌိကဂုဏ်တော်

၂။ သန္ဒိဋ္ဌိကော=ကျင့်ဆောင်သူတို့အား ယခုဘဝ ပစ္စက္ခဉ်ပင် ဒိဋ္ဌကိုယ်တွင် တွေ့မြင်

မိခင်ရောဝတီ

http://www.dhammadownload.com



ခံစားရသော ဂုဏ်ကျေးဇူး အထူးနှင့်လည်း ပြည့်စုံတော်မူပါပေ၏။

## အကာလိကဂုဏ်တော်

၃။ အကာလိကော=ကာလမရွေ့ ကျင့်သည့် နေ့ပင် တွေ့မြင်ယုံကြည်ရသော ကောင်းကျိုး ချမ်းသာနှင့်လည်း ပြည့်စုံတော်မူပါပေ၏။

## ဧဟိပဿိက ဂုဏ်တော်

၄။ ဧဟိပဿိကော= လာရောက် ရှုမြင် ကျေးဇူး တင်မြဲဖြစ်၍ လာပါ, ရှုပါ, ကျင့်ကြံပါဟု မပါ ပါအောင် ခေါ်ဆောင်သွတ်သွင်း တိုက်တွန်းခြင်းငှာ ထိုက်တန်စွာသော ဂုဏ်ထူးဝိသေသနှင့်လည်း ပြည့်စုံတော်မူ ပါပေ၏။

## ဩပနေယျိက ဂုဏ်တော်

၅။ ဩပနေယျိကော=မိမိကာယ အဇ္ဈတ္တတွင် ရရှိပေါက်ရောက် ကိုယ်တွေ့မြောက် အောင် ကပ်၍ဆောင်ထိုက်သော ဂုဏ်ထူး ဝိသေသနှင့်လည်း ပြည့်စုံတော်မူပါပေ၏။

မိခင်ဧရာဝတီ

http://www.dhammadownload.com



ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ ဂုဏ်တော်

၆။ ဝိညူဟိ = ပညာရှိသူ ရှင်,လူအပေါင်း သူတော်ကောင်းတို့သည်၊ ပစ္စတ္တံ = အသီးအသီးသော မိမိတို့သန္တာန်၌၊ ဝေဒိတဗ္ဗော = ချမ်းသာလေစွ၊ ကောင်းလေစွ ဟု ကာယ, စိတ္တ သုခနှစ်ပြင် ထင်ထင်ရှားရှား ခံစားသိမြင်ရသော ဂုဏ်ထူးဝိသေသနှင့်လည်း ပြည့်စုံတော်မူပါပေ၏။

တံ = ထိုသွာက္ခာတ အစ, ဝေဒိတဗ္ဗောအဆုံး ဘဝဂ်ချွန်းမျှ ဘုန်းရှိန်ကြီးမား ဂုဏ် ၆-ပါးနှင့် ပြည့်စုံသော တရားတော်မြတ်ကို၊ အဟံ = တပည့်တော်သည်၊ ဝန္ဒာမိ = ရှိခိုးပါ၏။

တရားဂုဏ်တော် ၆-ပါးပြီး၏။

*********

http://www.dhammadownload.com



## သံဃာ့ဂုဏ်တော် ၉-ပါး

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ၊
ဧသ ဘဂဝတော သာဝကသံဃော အာဟုနေယျော၊
ပါဟုနေယျော၊ ဒက္ခိဏေယျော၊ အဉ္ဇလိကရဏီယော၊
အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

### သုပ္ပဋိပန္န ဂုဏ်တော်

၁။ ဘဂဝတော=မြတ်စွာဘုရား၏၊ သာဝက သံဃော=သီလဝန်၊ ဂုဏဝန်၊ ပညဝန်၊ ကလျာဏပုထုဇဉ် အရှင်မွန် အရှင်မြတ်တို့နှင့်တကွ ပရမတ္ထသံဃာ အရိယာ ၈-ပါး တပည့်သား သံဃာတော်မြတ်အပေါင်းသည်၊ သုပ္ပဋိပန္နော=အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ သိက္ခာသုံးရပ် လွန်ကောင်းမြတ်သော ပဋိပတ် ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေ၏။

မိခင်ဧရာဝတီ

http://www.dhammadownload.com



## ဥဇုပ္ပဋိပန္န ဂုဏ်တော်

၂။ ဘဂဝတောႋမြတ်စွာဘုရား၏၊ သာဝက သံဃော=သီလဝန်, ဂုဏဝန်, ပညဝန်, ကလျာဏပုထုဇဉ် အရှင်မွန် အရှင်မြတ်တို့ နှင့်တကွ ပရမတ္ထသံဃာ အရိယာ ၈-ပါး တပည့်သား သံဃာတော်မြတ် အပေါင်းသည်၊ ဥဇုပ္ပဋိပန္နော=အမိသီလ, အမိစိတ္တ, အမိပညာ သိက္ခာသုံးရပ် လွန်ဖြောင့်မတ်သော ပဋိပတ် ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေ၏။

## ဉာယပ္ပဋိပန္န ဂုဏ်တော်

၃။ ဘဂဝတော=မြတ်စွာဘုရား၏၊ သာဝက သံဃော=သီလဝန်, ဂုဏဝန်, ပညဝန်, ကလျာဏပုထုဇဉ် အရှင်မွန် အရှင်မြတ်တို့ နှင့်တကွ ပရမတ္ထသံဃာ အရိယာ ၈-ပါး တပည့်သား သံဃာတော်မြတ်အပေါင်းသည်၊ ဉာယပ္ပဋိပန္နော=အမိသီလ, အမိစိတ္တ, အမိပညာ သိက္ခာသုံးရပ် လွန်သင့်မြတ်သော ပဋိပတ် ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေ၏။

မိခင်ရောဝတီ

http://www.dhammadownload.com



## သာမိစိပ္ပဋိပန္န ဂုဏ်တော်

၄။ ဘဂဝတော=မြတ်စွာဘုရား၏၊ သာဝက သံဃော=သီလဝန်, ဂုဏဝန်, ပညဝန်, ကလျာဏပုထုဇဉ် အရှင်မွန် အရှင်မြတ်တို့နှင့်တကွ ပရမတ္ထသံဃာ အရိယာ ၈-ပါး တပည့်သား သံဃာတော်မြတ်အပေါင်းသည်၊ သာမိစိပ္ပဋိပန္နော=အဓိသီလ, အဓိစိတ္တ, အဓိပညာ သိက္ခာသုံးရပ် ရှိသေအပ်သော ပဋိပတ်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေ၏။

ယဒိဒံ-ယာနိ ဣမာနိ စတ္တာရိ ပုရိသယုဂါနိ=အကြင်-၄-ပါးသော ယောကျ်ားမြတ်အစုံတို့သည်၊ သန္တိ= ရှိကုန်၏၊ ယဒိဒံ-ယေ ဣမေ အဋ္ဌပုရိသပုဂ္ဂလာ= အကြင် ၈-ပါးသော ယောကျ်ားမြတ်တို့သည်၊ သန္တိ=ရှိကုန်၏။

http://www.dhammadownload.com



## အာဟုနေယျ ဂုဏ်တော်

၅။ ဘဂဝတော=မြတ်စွာဘုရား၏၊ ဧသ
ဧသော သာဝကသံဃော=ဤ ၄-စုံ-၈-ပါး
တပည့်သား သံဃာတော်မြတ်အပေါင်း
သည်၊ အာဟုနေယျော=အာဂန္တုအား
ရည်၍ထားအပ်သော အလှူဝတ္ထုမျိုးကို
လည်း ခံယူခြင်းငှာ ထိုက်တန်စွာသော
သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်နှင့်
လည်း ပြည့်စုံတော်မူပါပေ၏။

## ပါဟုနေယျ ဂုဏ်တော်

၆။ ပါဟုနေယျော=လက်ဆောင်အလို့ငှာ ယူ၍
လာသော အလှူဝတ္ထုမျိုးကိုလည်း ခံယူခြင်း
ငှာ ထိုက်တန်စွာသော သီလဂုဏ်, သမာဓိ
ဂုဏ်, ပညာဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါ
ပေ၏။

## ဒက္ခိဏေယျ ဂုဏ်တော်

၇။ ဒက္ခိဏေယျော= နောက်နောက်ဘဝ
အကျိုးရဖို့ ပျိုးချတုံလတ် မြတ်သောအလှူ

မိခင်ရောဝတီ

http://www.dhammadownload.com



ဝဋ္ဋမျိုးကိုလည်း ခံယူခြင်းငှာ ထိုက်တန်စွာသော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေ၏။

အဉ္ဇလိကရဏီယ ဂုဏ်တော်

၈။ အဉ္ဇလိကရဏီယော-လူမင်း, နတ်မင်း, ဗြဟ္မာမင်းတို့၏ လက်အုပ်ချီခြင်းကို ခံယူထိုက်သော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေ၏။

အနုတ္တရ ပုညက္ခေတ္တ လောကဿ ဂုဏ်တော်

၉။ လောကဿ- လူအပေါင်း၏၊ အနုတ္တရံ- အတုမရှိမြင့်မြတ်သော၊ ပုညက္ခေတ္တံ- ကုသိုလ်မျိုးကို စိုက်ပျိုးချရာ လယ်ယာမြေကောင်း သဖွယ်လည်း ဖြစ်တော်မူပါပေ၏။

တံ-ထိုသုပ္ပဋိပန္န အစ, ပုညက္ခေတ္တံ အဆုံး ဘဝင်ချွန်းမျှ ဘုန်းရှိန်ကြီးမား ဂုဏ် ၉-ပါးနှင့် ပြည့်စုံတော်မူပေသော သံဃာတော်မြတ် အပေါင်းကို၊ အဟံ-တပည့်တော်သည်၊ ဝန္ဒာမိ- ရှိခိုးပါ၏။

မိခင်ရောဝတီ

http://www.dhammadownload.com



ဤ ဘုရားဂုဏ် ၉-ပါး, တရားဂုဏ် ၆-ပါး, သံဃာ့ဂုဏ် ၉-ပါးကို အဓိပ္ပါယ်နှင့်တကွ ရေလည်စွာ မသိသောသူသည် ဘုရား, တရား, သံဃာကို ဉာဏ်နှင့် ကြည်ညိုတတ်သောသူ မဟုတ်၊ ထိုသူ၌ တိဟိတ်ကုသိုလ် မဖြစ်၊ ဒွိဟိတ် ကုသိုလ်သာ ဖြစ်၏၊ ထို့ကြောင့် ဗုဒ္ဓဘာသာ လူမျိုးမှန်လျှင် ဤ ဂုဏ်တော် ၃-ပါးအနက်ကို နှုတ်တက်ကြေမွ တကယ်ရမှ သင့်မြတ်သတည်း။

[ ဤ ဂုဏ်တော် ၃-ပါး ဘုရားရှိခိုးသည် သုတ္တန်ပိဋကတ်၌ မြတ်စွာဘုရား ကိုယ်တော် တိုင် အဖန်ဖန်ဟောတော်မူ၏၊ ဤ ဘုရားရှိခိုး ကြီးထက် ကြီးမြတ်သော ဘုရားရှိခိုး မရှိပြီ၊ နမော တဿ ပါဠ် ,အနက်- သရဏဂုံ ၃-ပါး ပါဠ်, အနက်တို့နှင့် ရှိခိုးပြီးနောက် ဤ ဂုဏ်တော် ၃-ပါးပါဠ် အနက်တို့နှင့် ရှိခိုးလေ။]

သံဃာ့ဂုဏ်တော် ၉-ပါး ပြီး၏။

*********

http://www.dhammadownload.com



## ယောဂီကျောင်းကလေးများ ဆုတောင်း

ဣမိနာပုညေန- ယခုအကျွန်ုပ်ပြုရသော ဤကောင်းမှု, ဤကုသိုလ်ကြောင့်၊ ဒိဋ္ဌဓမ္မ- ယခုဘဝ ပစ္စက္ခ၌၊

- ဒီဃာယုကော-အသက်ရှည်ခြင်းနှင့် ပြည့်စုံသည်၊ ဘဝါမိ-ဖြစ်ရပါလို၏။
- အရောဂေါ-အနာခပ်သိမ်းတို့မှ ကင်းလွတ်ရသည်၊ ဘဝါမိ-ဖြစ်ရပါလို၏။
- အဝေရော-ရန်သူခပ်သိမ်းတို့မှ ကင်းလွတ်ရသည်၊ ဘဝါမိ-ဖြစ်ရပါလို၏။
- အနဝဇ္ဇေသု-အပြစ်မရှိကုန်သော၊ ဌာနေသု- လောက, ဓမ္မ နှစ်ဌာနတို့၌၊ စိန္တာသိဒ္ဓါ- ကြံတိုင်းလည်းအောင် ဆောင်တိုင်းလည်း မြောက် အဆုံးရောက်အောင် ထမြောက် ပြီးစီးနိုင်သည်၊ ဘဝါမိ-ဖြစ်ရပါလို၏။
- သမ္ဗုရာယေ-နောင်တမလွန်ဘဝ၌၊ ဥစ္စ- ကုလေသု-မြင့်မြတ်သော လူမျိုး,မြတ်သော နတ်မျိုးတို့၌၊ ဘဝါမိ- ဖြစ်ရပါလို၏။

မိခင်ရောဝတီ

http://www.dhammadownload.com



- မဟာဒွနေား-ကြီးမြတ်သော ဥစ္စာဓနဂုဏ်နှင့် ပြည့်စုံသည်၊ ဘဝါမိ-ဖြစ်ရပါလို၏။
- မဟိဒ္ဓိကော-ကြီးမြတ်သော တန်ခိုးတေဇာ အရှိန်အဝါနှင့် ပြည့်စုံသည်၊ ဘဝါမိ-ဖြစ်ရပါလို၏။
- သဒ္ဓါသမ္ပန္နော-ထက်သန်သော သဒ္ဓါတရားနှင့် ပြည့်စုံသည်၊ ဘဝါမိ-ဖြစ်ရပါလို၏။
- သုက္ကဓမ္မော-မကောင်းမှုဒုစရိုက်တို့မှ ရှက်တတ်ခြင်း, ကြောက်တတ်ခြင်းဟူသော ဖြူစင်သော တရား ၂-ပါးနှင့် အခါခပ်သိမ်းပြည့်စုံသည်၊ ဘဝါမိ-ဖြစ်ရပါလို၏။
- ဗဟုဿုတော-အတတ်ပညာ ဝိဇ္ဇာသိပ္ပဟူသမျှတို့၌ ကြားကာ, မြင်ကာ, ကြံစည်ကာနှင့် လိမ္မာတတ်မြောက် ပေါက်ရောက်နိုင်ခြား အလွန်များသော ဗဟုဿုတဂုဏ်နှင့် ပြည့်စုံသည်၊ ဘဝါမိ-ဖြစ်ရပါလို၏။

http://www.dhammadownload.com



- ဒါနာဘိရတော=ပေးကမ်းလှူဒါန်းမှု၌ အလွန်မွေ့လျော်နိုင်သည်၊ ဘဝါမိ= ဖြစ်ရပါလို၏။
- သီလာဘိရတော=သီတင်းသီလ ကျင့်သုံးမှု၌ အလွန်မွေ့လျော်နိုင်သည်၊ ဘဝါမိ= ဖြစ်ရပါလို၏။
- ဘာဝနာဘိရတော=ကမ္မဋ္ဌာန်းဘာဝနာပွါးများမှု၌ အလွန်မွေ့လျော်နိုင်သည်၊ ဘဝါမိ=ဖြစ်ရပါလို၏။
- အန္တိမဘဝေ=အဆုံးဘဝ၌၊ ဂုဏာဂဏာ ပရိဝါရံ=ပဋိသမ္ဘိဒါ, အဘိညာဏ်, ဈာန် ဂုဏ်ပေါင်းရံအပ်သော၊ အရဟတ္တံ= အရဟတ္တမဂ်ဉာဏ် အရဟတ္တဖိုလ်ဉာဏ် ကို၊ လဘာမိ=ရ- ရပါလို၏။

ယောကျ်ားကလေးများ ဆုတောင်း ပြီး၏။

*********

http://www.dhammadownload.com



## မိန်းကလေးများ ဆုတောင်း

➤ သုံးလူ့ထွတ်ထား၊ မြတ်တရားနှင့်၊ ရှစ်ပါးသံဃာ၊ ရတနာကို၊ သဒ္ဓါရိုကျိုး၊ လက်စုံမိုး၍၊ ရှိခိုးပါရ၊ ဤပုညကြောင့်၊ ဒိဋ္ဌမျက်မြင်၊ ဘဝတွင်လည်း၊ ကင်းစင်အန္တရာယ်၊ ကောင်းကျိုးကြွယ်လျက်၊ ဆယ်ဖြာအညီ၊ ပါရမီနှင့်၊ ဆယ်လီ ပုညမြတ်မေ့လည်း၊ နိစ္စရှင်ဖြိုး၊ နေ့စဉ်တိုးသည့်.. သက်ဝိုင်းကျွန်မရှည်စေသော်။

➤ ဘဝတဖန်၊ ဖြစ်တုံပြန်လည်း၊ လေးတန်အပါယ်၊ ရှစ်သွယ်ရပ်ပြစ်၊ ကင်းတုံလစ်၍၊ ရှင်ချစ်မြတ်စွာ၊ သာသနာလျှင်၊ ရောင်ဝါထိန်ဝင်း၊ လင်းရာတမူ၊ လူကောင်း, နတ်ကောင်း၊ ဘဝကောင်း၌၊ ညွှတ်ညောင်းသန္ဓေ၊ တိဟိတ်နေ၍၊ ဆွေလယ်မျိုးလယ်၊ တန်ခိုးကြွယ်သည်... လနှယ်ကျွန်မထွန်းစေသော်။

မိခင်ရောဝတီ

http://www.dhammadownload.com



➢ အသိအလိမ္မာ၊ ဉာဏ်ပညာနှင့်၊ သဒ္ဓါ၊ သီလ၊ သုတပြည့်ဖြိုး၊ ဂုဏ်တန်ခိုးလည်း၊ အမျိုးလေးဖော်၊ သတင်းကျော်လျက်၊ သူတော်တို့ထုံး၊ ကျင့်သုံးတရား၊ အမှားမလိုက်၊ စရိုက်စင်ဖြူ၊ အလှူရေစက်၊ လက်နှင့်မကွာ၊ ရှစ်ဖြာဥပုသ်၊ မယုတ်ကြိုးစား၊ လေးပါးဗြဟ္မစိုရ်၊ ၅္ဂန်း၅္ဂန်းစိုသည့် . . . ကုသိုလ်ကိုယ်လုံး-ထုံစေသော်။

➢ ပတ္တမြားပလ္လင်၊ ကံ့ကော်ပင်ဝယ်၊ ငါးအင်္ဂါရ်စစ်၊ အောင်ပွဲလှစ်၍၊ ခေတ်ဇာတိလုံး၊ သိမ့်သိမ့်ချုန်းလျှက်၊ ရွှေဘုန်းစိုက်ထူ၊ ပွင့်တော်မူသား၊ သုံးလူသခင်၊ မိတေးရှင်ကို၊ မျက်မြင်ဖူး၍၊ အထူးကြည်ညို၊ ဘုန်းရိပ်ခိုသည့် . . . မဂ်, ဖိုလ် ကျွန်မ- ရောက်စေသော်။

➢ သုံးလူ့ထွတ်ထား၊ မြတ်တရားနှင့်၊ ရှစ်ပါးသံဃာ၊ အရိယာအား၊ ရတနာမိုး၊ ရွာသွန်းဖြိုးသို့၊ ကိုးပါးခြောက်စုံ၊ကိုးရပ်ဂုဏ်ကို၊

http://www.dhammadownload.com



အာဂုံချီးကျူး၊ နှုတ်လျှာမြူး၍၊ ကြည်နူး ဆွဆွ၊ ရှိခိုးရသား၊ ကျွန်မကုသိုလ်၊ အဖို့ ကိုလျှင်၊ မွေးမိခင်နှင့်၊ ဖခင်,ဆရာ၊ ဉာတကာက၊ သတ္တဝါအများ၊ နတ်တို့အား လည်း၊ ရပြားပါစေ မျှပေးဝေသည် ကောင်းထွေ သာဓု- ခေါ်စေသော်။

ကြုံတွင်ရွေ့ကား- "မကောင်းမြစ်တား ကောင်းရာထား" ဟူသော စကား၌ ဗုဒ္ဓဘာသာ လူမျိုးမှန်ခဲ့လျှင် ငယ်ရွယ်စဉ်ကပင် ကြေကြေ မွမွ ရထိုက် သိထိုက်လှသော ဌာနစုကို ပြဆို ခန်းပြီး၏။ |

မိန်းကလေးများ ဆုတောင်း ပြီး၏။

*********

သတိပြုရန်အချက်များ

ဆရာဝတ်၌ တပည့်တပန်းတို့အား အသက် ရှည်ကြောင်း, အနာကင်းကြောင်း, ဘေးရန် ကင်းကြောင်း အထူးကောင်းလှသော လောက

မိခင်ဇရာဝတီ

http://www.dhammadownload.com



နည်းလမ်းနှင့် ဓမ္မနည်းလမ်းများကိုလည်း အသက်ထက်ဆုံး စွဲမြဲကြရန် သင်ကြားလိုက်နာရမည် ဟုပါရှိ၏။ မြန်မာလူမျိုးတို့၌ ပရိတ်ကြီး သင်ရိုးရှိသည်လည်း ဤဝတ်အတွက်ပင်။

ယခုအခါသည် ရောဂါဥပဒ် များပြားလှသောအခါဖြစ်၍ ဤဝတ်ကို ဆရာဖြစ်သူတို့ အထူးအားထုတ်သင့်၏။ ပရိတ်ကြီး တစ်စောင်လုံးဆိုလျှင် များလှ၍ မဆောင်နိုင်ရှိ၏၊ အထုံဖြစ်အောင် နေ့စဉ်စွဲမြဲ၍ ရွတ်နိုင်ပါလျှင် ရတနသုတ် တစ်ခုနှင့်လည်း ပြီးပါ၏၊ မေတ္တသုတ် တစ်ခုနှင့်လည်း ပြီးပါ၏၊ ခန္ဓသုတ် တစ်ခုနှင့်လည်း ပြီးပါ၏၊ နေ့စဉ်အထုံပြု၍ စွဲမြဲမှုရှိမှ အန္တရာယ်တွေ့သောအခါ ရွတ်လျှင် တန်ခိုးထင်ရှားနိုင်သည်။ ။အန္တရာယ်ကြီးလျှင်ကြီးလိုက် အထပ်များစွာ ရွတ်။နှုတ်နှင့်ရွတ်မှုထက် စာကိုကြည့်၍ ဖတ်မှုသည် သာ၍ကောင်း၏၊ မရသော သူတို့လည်း ဖတ်နိုင်ကြကုန်၏၊ ရသောသူတို့လည်း အထူးပီပြင်စွာ

http://www.dhammadownload.com



ဖတ်ဆိုနိုင်ကြကုန်၏။

ဝေသာလီပြည်၌ ကပ်-၃-ပါးသင့်ရာ ရတနသုတ်ကြီးကို ညဉ့်-၃-ယံပတ်လုံး ရှင်အာနန္ဒာ ရွတ်ပေ၍ ပျောက်ငြိမ်း၏၊ ကပ်ဥပဒ် ကင်းငြိမ်းဖို့အတွက် သက်သက် ဟောတော်မူရသော သုတ်ကြီးပေတည်း၊ ထို့ကြောင့် မြို့ရွာ၌ ကပ်ဥပဒ် ဖြစ်ခဲ့သော် ဤသုတ်ကြီးကို ကမ္မဝါပြုလုပ်၍ လူရော, ရှင်ရော ဖတ်ရွတ်ရမည်။

မြို့ရွာအတွက် အများဖတ်ရွတ်ကြသော အခါ တစ်ယောက်သောသူက စာကိုကိုင်၍ ဖတ်ရမည်၊ ၂၀-ကျော်, ၃၀-မျှသော သူတို့က တစ်သံတည်းကျအောင် လိုက်ရမည်၊ တစ်ရွာလုံး, တစ်ရပ်လုံး နှံ့လေအောင် လမ်းလျှောက် မတ်တတ်သွား၍ ဖတ်ရွတ်ကြရမည်၊ ကပ်ဥပဒ် မငြိမ်းမခြင်း ညစဉ်ဖတ်၊ ကပ်ဥပဒ်ပျောက်ငြိမ်းမှ တန်၊ မိမိတို့ အိမ်မှာလည်း နေဝင်လျှင် အိမ်ရှိလူကုန် တစ်အိမ်လုံး ဖတ်ရွတ်ကြလေ။

မိခင်ဇရာဝတီ

http://www.dhammadownload.com



သုတ်ပါထေယျ၌ လာသော အာဋာနာဋိယ သုတ်တော်ကြီးသည်လည်း ဘီလူး, သံဘက် အန္တရာယ်ကင်းဖို့ ဟောထားသော သုတ်ကြီး ပေတည်း၊ မဟာသမယသုတ်ကြီးသည်လည်း အန္တရာယ်ကင်း သက်သက်ပေတည်း။

သထုံပြည်၌ ဥပဒ်ဖြစ်ရာ ရဟန္တာ အရှင် သောဏမထေရ်, ဥတ္တရမထေရ်တို့ ဗြဟ္မဇာလ သုတ်ကြီးကို ရွတ်၍ ပျောက်ငြိမ်းသည်-ဟု ကျမ်းဂန်၌ အထင်အရှားရှိ၏။

ဥပ္ပါတသန္တိသည်လည်း ကပ်ဥပဒ်ငြိမ်းဖို့ သက်သက်ဖြစ်၍ ဇင်းမယ်နိုင်ငံ၌ ကပ်ဥပဒ်ကြီး ဆိုက်ရောက်ရာ ဥပ္ပါတသန္တိကို တစ်မြို့လုံး ရွတ်ဖတ်ကြ၍ ကပ်ဥပဒ်ကင်းငြိမ်း၏။

ပဋ္ဌာန်းပါဠိတော်များသည်လည်း ကပ်ဥပဒ် ကို ငြိမ်းစေတတ်၏၊ မြို့အတွက်, ရွာအတွက် ဖတ်ရွတ်ကြသောအခါ ရပ်စု, ကွက်စုပြု၍ မိန်းမ, ယောက်ျားအသင်းဖွဲ့၍ ဖတ်။ လူများ လွန်းလျှင် အသံမကွဲမပြား ရှိတတ်၏၊ အသံ

မိခင်ဧရာဝတီ

http://www.dhammadownload.com



ကွဲပြားမှ သာ၍ကောင်းသည်၊ နှစ်ကျိပ်, နှစ်ကျိပ်ငါး, သုံးကျိပ်, သုံးကျိပ်ငါး အစုဖွဲ့၍ ဖတ်၊ အမြောက်သံ, သေနတ်သံ, စည်သံ, မောင်းသံ, အချက်ပေး၍ တစ်မြို့လုံး, တစ်ရွာလုံး တစ်ပြိုင်တည်း ဖတ်၊ တော်ချိန်ကျလျှင်လည်း အချက်ပေး၍ တစ်ပြိုင်တည်း ရပ်၊ ကပ်ဥပဒ်မငြိမ်းမခြင်း ညစဉ် ဖတ်၊ ကပ်ဥပဒ် ပျောက်ငြိမ်းမှ တန်။

ဖတ်မည်ပြုသောအခါ တစ်မြို့လုံး, တစ်ရွာလုံး လမ်းစဉ်တလျှောက် တံမြက်လှည်း၊ လမ်းဆုံ, လမ်းခွတို့၌ ရေပြည့်အိုး တည်၊ နေဝင်လျှင် တစ်မြို့လုံးလင်းအောင် မီးထွန်း၊ ငါတို့ထုတ်ထားသော အန္တရာယ်ကင်း ပဗ္ဗာဇနိယကမ္မဝါစာ စာအုပ်မှာ ပြဆိုသော အစီအစဉ် အတိုင်း လုပ်။

ငါတို့ ဗုဒ္ဓဘာသာကျမ်းဂန်တို့၌ ကပ်ဥပဒ်ကြီးများကို ပျောက်ငြိမ်းစေတတ်သော သုတ္တန်ကြီး, သုတ္တန်ငယ်, ဂါထာကြီး, ဂါထာငယ်

မိခင်ရောဝတီ

http://www.dhammadownload.com



များစွာလာရှိ၏၊ အရကျက်၍လည်း မထား နိုင်ကြ၊ နှုတ်နှင့် ရွတ်ရိုးရှိနေသည့်အတွက် အရမကျက်နိုင်သော သုတ္တန် ကြီး, ငယ်စုသည် ကပ်ဥပဒ်ရှိနေသည့်အခါ အသုံးမပြုနိုင် ရှိနေ ကြ၏။ စာနှင့်ဖတ်မှုသည် ဘယ်ပါဠိတော် ကိုမဆို မိန်းမ, ယောက်ျား အများဖတ်နိုင်၏။ နှုတ်နှင့် ရွတ်မှုထက်လည်း ပုဒ်အက္ခရာ ပီပြင်စွာ ဆိုနိုင်သဖြင့် သာ၍ကောင်းမြတ်၏။

ထို့ကြောင့် ဗုဒ္ဓဘာသာနိုင်ငံ၌ အစောင့် အရှောက် ဖြစ်စေခြင်းငှာ ပြဆိုခဲ့ပြီးသော ပါဠိတော်များကို ကျမ်းဂန်တို့မှ ထုတ်နုတ်၍ စာအုပ်ပြုလုပ်ကာ အိမ်တိုင်းမှာပင် အစဉ် ထာဝရ ရှိစေဖို့ ကောင်းလှ၏၊ ပညာရှိတို့ သတိပြုကြလေကုန်။

သတိပြုရန် အချက်များပြီး၏။

*********

မိခင်ရောဝတီ

http://www.dhammadownload.com



နေ့စဉ် အန္တရာယ်ကင်းရှင်းရန် ညွှန်ကြားချက်

၁။ နမောတဿ- မဟာနမက္ကာရကြီးသည်လည်း ဘီလူး, သံဘက် အန္တရာယ်မှ ကင်းလွတ်စေတတ်၏။

၂။ သရဏဂုံ ၃-ပါးသည်လည်း အန္တရာယ်မှ ကင်းလွတ်စေတတ်၏။

၃။ ဣတိပိသော-ဂုဏ်တော် ၉-ပါးသည်လည်း အန္တရာယ်မှ ကင်းလွတ်စေတတ်၏။

၄။ သမ္ဗုဒ္ဓေ-သည်လည်း အန္တရာယ်မှ ကင်းလွတ်စေတတ်၏။

၅။ သိရသ္မိံ မေ ဗုဒ္ဓသေဋ္ဌော-ဟူသော ရတနာ ရွှေချိုင့်သည်လည်း အန္တရာယ်ကင်းဖို့ အထူးဖြစ်၏။

၆။ အောင်ခြင်း ၈-ပါးသည်လည်း အန္တရာယ် ကင်းဖို့ အထူးဖြစ်၏။

၇။ အာဝေဏိကဂုဏ်တော် ၁၈-ပါးသည်လည်း အလွန်တန်ခိုးကြီးလှ၏။ ခါရဏပရိတ်လည်း ခေါ်၏၊ ဘီလူး, သံဘက်များကို

မိခင်ဇရာဝတီ

http://www.dhammadownload.com



အလွန်နိုင်၏။

၈။ ဆဒိသာပါလ သုတ်သည်လည်း အန္တရာယ်ကင်း ရိုးရာကြီးပေတည်း။

[ဤသို့လျှင် ဗုဒ္ဓဘာသာ၌ ကပ်, ဥပဒ် အန္တရာယ် လွတ်ကင်းရန် ပရိတ်တော်, ဂုဏ်တော် အလွန်ပေါ်များ၏၊ အိမ်ရာဝင်၌ အထပ်များစွာ နေ့စဉ်ရွတ်အံ စွဲမြဲ၍ထားကြပါမူ ကြာလေလေ တန်ခိုးရှိလေလေ ဖြစ်၏။]

နေ့စဉ်အန္တရာယ်ကင်းရှင်းရန်

ညွှန်ကြားချက်ပြီး၏။

*********

## ပရိတ်ရွတ်နည်း

ပရိတ်တော်, ဂုဏ်တော်များကို ရွတ်ဖတ်ကြရာ၌ ကုသိုလ်ဖြစ် ရွတ်ဖတ်ကြသောအခါ သဒ္ဓါစိတ်နှင့် ဖြည်းညင်း သာယာနာဖွယ်ရှိအောင် ရွတ်ဖတ်ရသည်၊ အန္တရာယ်ကင်းကိစ္စနှင့် ရွတ်ဖတ်ကြသောအခါ မာန်စိတ်နှင့်

http://www.dhammadownload.com



အသံထန်စွာ ရွတ်ဖတ်ရသည်၊ အန္တရာယ်ကြီး လျှင် ကြီးလိုက် အခေါက်များစွာ အာသံ, လျှာသံ အပြင်းအထန်ပေး၍ ရွတ်ဖတ်ရသည်။

ပရိတ်ရွတ်နည်း ပြီး၏။

*********

## နိဂုံး

ဤတွင် ရွေ့ကား-အသက် -၂၀ အတွင်း၌ တည်ရှိကြကုန်သော ဗုဒ္ဓဘာသာ အမျိုးသား သူငယ်များတို့၏ အကျိုးငှာ ကောင်းစွာ စီရင်အပ်သော သုကုမာရမဂ္ဂဒီပနီကျမ်းသည် အပြီးသို့ရောက်၏။ မြတ်စွာဘုရား၏ တပည့် သားပြီကြသူ ဗောဓိလျာ, ဗောဓိလောင်း, သူငယ်ကောင်း, သူငယ်မြတ်တို့၏ တတ်သိ လိမ္မာဖို့ လမ်းကြောင်းအစဉ်ကို ပြဆိုရာကျမ်း ဖြစ်၍ သုကုမာရမဂ္ဂဒီပနီကျမ်း ခေါ်သည်။

http://www.dhammadownload.com



[ဤကျမ်းကို တတ်မြောက် ပြီးသည့်နောက် သဒ္ဒါ, သင်္ဂြိုဟ်များကို အလွယ်တကူ တတ်လို သူတို့သည် ငါတို့စီရင်သော သဒ္ဒသံခိပ်ကျမ်း, ပရမတ္ထသံခိပ်ကျမ်းများကို သင်ကြားကြလေကုန်။]

နိဂုံးပြီး၏

## သုကုမာရမဂ္ဂဒီပနီကျမ်းပြီး၏

မိခင်ဇရာဝတီ

http://www.dhammadownload.com



စုဒ္ဒကပါဠိတော်၌လာသော
မင်္ဂလသုတ်ပါဠိနှင့်
ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး
ရေးသားတော်မူအပ်သော
နိဿယများ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

နိဒါနကထာ

ဧဝံ မေ သုတံ-ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။

အထခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ

ဩဘာသေတွာ-

မိခင်ရောဝတီ

http://www.dhammadownload.com



ယေန  ဘဂဝါ  တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ၊ ဧကမန္တံ ဌိတာခေါ သာဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

## ဒေဝတာယာစနကထာ

ဗဟူ ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလ မုတ္တမံ။

## ဗုဒ္ဓဘာသိတ ကထာ

၁။ အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလမုတ္တမံ။

၂။ ပတိရူပဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ။
အတ္တသမ္မာပဏိဓိ စ၊ ဧတံ မင်္ဂလမုတ္တမံ။

၃။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော။

မိခင်ရောဝတီ

http://www.dhammadownload.com



သုဘာသိတာ စ ယာ ဝါစာ၊ ဇော် မင်္ဂလမုတ္တမံ။

၄။ မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။

အနာကုလာ စ ကမ္မန္တာ၊ ဇော် မင်္ဂလမုတ္တမံ။

၅။ ဒါနဉ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော။

အနဝဇ္ဇာနိ ကမ္မာနိ၊ ဇော် မင်္ဂလမုတ္တမံ။

၆။ အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာ စ သံယမော။

အပ္ပမာဒေါ စ ဓမ္မေသု၊ ဇော် မင်္ဂလမုတ္တမံ။

၇။ ဂါရဝေါ စ နိဝါတော စ၊ သန္တုဋ္ဌီ စ ကတညုတာ။

ကာလေန ဓမ္မဿဝနံ၊ ဇော် မင်္ဂလမုတ္တမံ။

၈။ ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ။

ကာလေန ဓမ္မသာကစ္ဆာ၊ ဇော် မင်္ဂလမုတ္တမံ။

မိခင်ရောဝတီ

http://www.dhammadownload.com



၉။ တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာန
ဒဿနံ။
နိဗ္ဗာန သစ္ဆိကိရိယာ စ၊ ဧတံ မင်္ဂလမုတ္တမံ။
၁၀။ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န
ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလမုတ္တမံ။
၁၁။ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထ
မပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ
မင်္ဂလမုတ္တမန္တိ။

မင်္ဂလသုတ်ဂါထာပြီး၏။

ဤတွင် မင်္ဂလသုတ် ပါဠိတော် ပြီး၏။

-------*-------

http://www.dhammadownload.com



# မင်္ဂလ သုတ် နိဿယ

## နိဒါနကထာ အနက်

ဘန္တေ=ကဿပ-ဟု နာမ ထင်ရှား အရှင်ဘုရား၊ မေ- မယာ=အာနန္ဒာဟု သညာသမုတ်အကျွန်ုပ်သည်၊ ဧဝံ=ဤသို့၊ သုတံ=မြတ်စွာဘုရားမိန့်စကားကို နားဝယ်ဆတ်ဆတ် ကြားနာအပ်၏။ ။ ကိံသုတံ၊ အဘယ်သို့ ကြားနာအပ်သနည်းဟူမူကား-

ဧကံ သမယံ=အခါတပါး၌၊ ဘဂဝါ=မြတ်စွာဘုရားသည်၊ သာဝတ္ထိယံ= သာဝတ္ထိပြည်၌၊ ဇေတဝနေ=ဇေတဝန် ဥယျာဉ်၌၊ အနာထပိဏ္ဍိကဿ=အနာထပိဏ်သူဌေး၏၊ အာရာမေ=ကျောင်းအရာမ်၌၊ ဝိဟရတိ=ဣရိယာပုထ် အလိုက်မှီတင်း သီတင်းကြည်ဖြူနေတော်မူ၏။

အထ ခေါ=ထိုအခါ၌၊ အညတရာ= အမျိုးအမည်အားဖြင့်မထင်ရှားသော၊ ဒေဝတာ=

မိခင်ဧရာဝတီ

http://www.dhammadownload.com



နတ်သားသည်၊ အဘိက္ကန္တာယ= ညဉ့်ဦးယံကို လွန်ပြီးသော၊ ရတ္တိယာ=ညဉ့်သန်းခေါင်အခါ၌၊ အဘိက္ကန္တဝဏ္ဏာ=အလွန်နှစ်သက်ဖွယ်သော အဆင်းရှိသည်ဖြစ်၍၊ ကေဝလကပ္ပံ= အလုံးစုံသော၊ ဇေတဝနံ=ဇေတဝန်ဥယျာဉ်တစ်ခုလုံးကို၊ ဩဘာသေတွာ=ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းတောက်ပစေ၍-

ယေန=အကြင်အရပ်၌၊ ဘဂဝါ= မြတ်စွာဘုရားသည်၊ အတ္ထိ=ရှိတော်မူ၏၊ တေန= ထိုအရပ်သို့၊ ဥပသင်္ကမိ=ကပ်လာ၏၊ ဥပသင်္ကမိတွာ=ကပ်လာပြီး၍၊ ဘဂဝန္တံ= မြတ်စွာဘုရားကို၊ အဘိဝါဒေတိ=ဝပ်တွားရိုကျိုးရှိခိုး၏၊ အဘိဝါဒေတွာ= ဝပ်တွားရိုကျိုးရှိခိုးပြီး၍၊ ဧကမန္တံ=သင့်တင့်လျောက်ပတ်သော အရပ်၌၊ အဋ္ဌာသိ=ရပ်၏၊ ဧကမန္တံ= သင့်တင့်လျောက်ပတ်သော အရပ်၌၊ ဌိတာခေါ= ရပ်ပြီးသော၊ သာ ဒေဝတာ=ထိုနတ်သားသည်၊ ဘဂဝန္တံ= မြတ်စွာဘုရားကို၊ ဂါထာယ= ဂါထာ

မိခင်ရောဝတီ

http://www.dhammadownload.com



စကားဖြင့်၊ အဖွဲ့ဘာသိ၊ နားတော်လျှောက် ပေ၏၊ ကိုး အဖွဲ့ဘာသိ၊အဘယ်သို့ နားတော် လျှောက်သနည်းဟူမူကား-

ဒေဝတာယာစနကထာ အနက်

ဘန္တေ ဘဂဝါ၊ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား၊ ဗဟူ၊များစွာကုန်သော၊ ဒေဝါစ၊ နတ်တို့သည်လည်းကောင်း၊ မနုဿာစ၊ လူတို့ သည်လည်းကောင်း၊ သောတ္ထာနံ၊ ကောင်းကျိုး ချမ်းသာ မင်္ဂလာကို၊ အာကင်္ခမာနာ၊သိလို၊ မြင်လို၊ ပြည့်စုံလိုကြကုန်သည်ဖြစ်၍၊ မင်္ဂလာနိ၊ ကောင်းမြတ်ချမ်းသာ မင်္ဂလာတို့ကို၊ အစိန္တယုံ၊ ထွေထွေလာလာ ရှာကြံယူဆကြကုန်၏၊ ဥတ္တမံ၊ အမှန်မုချ မြတ်ထွတ်လှသော၊ မင်္ဂလံ၊ မင်္ဂလာ စစ် တရားနှစ်ကို၊ ဗြူဟိ၊ဟောတော်မူပါလော့။

ဣတိ၊ဤသို့၊ အဖွဲ့ဘာသိ၊ နားတော် လျှောက်လေ၏။

http://www.dhammadownload.com



ဗုဒ္ဓဘာသိတကထာ အနက်

ကိ=အဘယ်သို့၊ ဘဂဝါ= မြတ်စွာဘုရားသည်၊ အဝေါစ=ဟောကြားတော်မူသနည်း ဟူမူကား-

၁။ (က) ဒေဝတေ=နတ်သား၊ ဗာလာနံ= မကောင်း ဒုစရိုက် သူမိုက်တို့ကို၊ အသေဝနာစ=ဆရာအမှတ်, မိတ်အမှတ်ဖြင့် မဆည်းကပ် မပေါင်း ဖော် ရခြင်းသည်လည်းကောင်း။

(ခ) ပဏ္ဍိတာနံ=ဒုစရိုက်အပေါင်း ကင်း လွတ်ရှောင်းလျက် ကျိုးကြောင်း မြင်သိ ပညာရှိတို့ကို၊ သေဝနာစ= ဆရာအမှတ်မိတ်အမှတ်ဖြင့်ဆည်းကပ် ပေါင်းဖော်ရခြင်းသည်လည်းကောင်း။

(ဂ) ပူဇနေယျာနံ=ဂုဏဝုဒ္ဓိ, ဝယဝုဒ္ဓိ ကျေးဇူးရှိနှင့် မိဘဆရာ ရတနာ သုံးပါး တရားကျင့်သူ စင်ဖြူစရိုက် ပူဇော်ထိုက်သော သူတို့ကို၊ ပူဇာစ=

မိခင်ရောဝတီ

http://www.dhammadownload.com



ရှိသေသမျှ အပြုအမူ ပျူငှာဆေးလေး
ကျွေးမွေးပေးကမ်း လှူဒါန်းပူဇော်
ရခြင်းသည်လည်းကောင်း။

စတဲ့ဤတရား ၃- ပါးသည်၊ ဥတ္တမံ- အများလောက သမုတ်ကြသော ဒိဋ္ဌမင်္ဂလာ, သုတမင်္ဂလာ, မုတမင်္ဂလာ-စသည်တို့ထက် ဆထက်လွန်ကျူး အထူးမြင့်မြတ်သော၊ မင်္ဂလံ-လောကီ, လောကုတ္တရာချမ်းသာ ပွါးကြောင်း ကောင်းသော မင်္ဂလာမည်၏။

၂။ (က) ဒေဝတေ-နတ်သား၊ ပတိရူပ
ဒေသဝါသော စ- သူတော်ကောင်း
တရား ထွန်းကားရာမှန် လျော်ကန်
လျောက်ပတ်သော အရပ်ဒေသ၌
နေရခြင်းသည်လည်းကောင်း။

(ခ) ပုဗ္ဗေ-ရှေးဘဝ၌၊ ကတပုညတာ စ-
ပြုခဲ့ဖူးသော ကောင်းမှုကုသိုလ်
ရှိသည်၏ အဖြစ်သည်လည်းကောင်း။

မိခင်ဧရာဝတီ

http://www.dhammadownload.com



(ဂ) အတ္တသမ္မာပဏိဓိ စ=မိမိစိတ်ကို
အလိုမလိုက် ဒုစရိုက်သို့ လိုက်ခွင့်
မပေး ယဉ်ကျေးလိမ္မာ ကောင်းမြတ်
ရာ၌သာ ကောင်းစွာခိုင်ကြည် အမြဲ
တည်စေရခြင်းသည်လည်းကောင်း။

ဧတံ=ဤတရား ၃-ပါးသည်၊ ဥတ္တမံ= အများ
လောက သမုတ်ကြသော ဒိဋ္ဌမင်္ဂလာ, သုတ
မင်္ဂလာ, မုတမင်္ဂလာ စသည်တို့ထက် ဆထက်
လွန်ကျူး အထူးမြင့်မြတ်သော၊ မင်္ဂလံ=
လောကီ, လောကုတ္တရာ ချမ်းသာပွါးကြောင်း
ကောင်းသော မင်္ဂလာမည်၏။

၃။ (က) ဗဟုသစ္စံ=အကြားအမြင်
တရားကျမ်းဂန် သင်အံ ကြည့်မှတ်
လွန်နှံ့စပ်သော အတတ်ကောင်း,
ပညာကောင်းနှင့် ပြည့်စုံရခြင်းသည်
လည်းကောင်း။

http://www.dhammadownload.com



(ခ) သိပ္ပဋ္ဌ=အပြစ်မထင် စက်မှုလက်မှု စသော အတတ်ကို သင်ကြားရခြင်းသည် လည်းကောင်း။

(ဂ) သုသိက္ခိတော=ငယ်ရွယ်စဉ်က သွန်သင်ဆုံးမ အချိုးကျပြီးသော၊ ဝိနယော စ=အမိဝတ် ငါးပါး, အဘ ဝတ်ငါးပါး အစရှိသော အမျိုးကောင်းသမီး, အမျိုးကောင်းသား ဝတ္တရားနှင့် ပြည့်စုံရခြင်းသည် လည်းကောင်း။

(ဃ) သုဘာသိတာ=အပြစ်စင်ကြယ် ချစ်ကြင်ဖွယ်နှင့် နာဖွယ်ကျိုးလို ကောင်းစွာ ဆိုအပ်သော၊ ယာ ဝါစာ စ= အကြင် စကားကောင်းမျိုးသည် လည်းကောင်း။

ဧတံ=ဤတရား ၄-ပါးသည်၊ ဥတ္တမံ= အများ လောက သမုတ်ကြသော ဒိဋ္ဌမင်္ဂလာ, သုတ မင်္ဂလာ, မုတမင်္ဂလာ စသည်တို့ထက် ဆထက် မိခင်ရောဝတီ

http://www.dhammadownload.com



လွန်ကျူး အထူးမြင့်မြတ်သော၊ မင်္ဂလ်ံ-လောကီ, လောကုတ္တရာ ချမ်းသာပွါးကြောင်း ကောင်းသော မင်္ဂလာမည်၏။

၄။ (က) ဒေဝတေ-နတ်သား၊ မာတာပိတု-အမိ, အဘကို၊ ဥပဋ္ဌာနဋ္ဌ-ပင်စင်အငြိမ်းစား ကောင်းစွာထား၍ ဆပွါးကြည်ညို မေတ္တာပိုလျက် ကိုယ်တိုင် ကိုယ်ကြပ် ဝတ်နိဗဒ်ဖြင့် မလပ်မဟာင်း လုပ်ကျွေးရခြင်းသည် လည်းကောင်း။

(ခ) ပုတ္တဒါရဿ-သမီးနှင့်သား ကြင်မယားကို၊ သင်္ဂဟောစ- သားသမီးဝတ်, မယားဝတ်ကို မချွတ်စေလို မေတ္တာပိုလျက် သင်္ဂြိုဟ် ထောက်ပံ့ရခြင်းသည်လည်းကောင်း။

(ဂ) အနာကုလာ-အသောက်, အစား, အကစားနှင့် အကြွားအဝါ မလိမ္မာ

http://www.dhammadownload.com



တွက် စီးပွါးပျက်ရန် နှောင့်ရှက်မရှိ ချောမောဘိကုန်သော၊ ကမ္မန္တာစ-စီးပွါးမှုတို့သည်လည်းကောင်း။

စော်-ဤတရား ၃- ပါးသည်၊ ဥတ္တမံ-အများလောက သမုတ်ကြသော ဒိဋ္ဌမင်္ဂလာ၊ သုတမင်္ဂလာ၊ မုတမင်္ဂလာ- စသည်တို့ထက် ဆထက်လွန်ကျူး အထူးမြင့်မြတ်သော၊ မင်္ဂလံ-လောကီ၊ လောကုတ္တရာချမ်းသာပွါးကြောင်း ကောင်းသော မင်္ဂလာ မည်၏။

၅။ (က) ဒေဝတေ-နတ်သား၊ ဒါနဉ္စ-သံသရာရေး၊ သဒ္ဓါရှေး၍ ပေးလှူစွန့်ကြမှုသည်လည်းကောင်း။

(ခ) ဓမ္မစရိယာ စ-သုစရိုက်တရားကို အားထုတ်ကျင့်ဆောင်မှုသည်လည်း ကောင်း။

(ဂ) ဉာတကာနံ-ဘိုးကြီး၊ ဘွားကြီး၊ ဘကြီး၊ ဘထွေးအစရှိကုန်သော

မိခင်ဇရာဝတီ

http://www.dhammadownload.com



မိန္ဒယ်, ဘရိုး, ဆွေမျိုးအပေါင်းတို့ အား၊ သင်္ဂဟော စ-ဆွေ၀တ်, မျိုး၀တ်,မယွင်းချွတ်အောင် ဖြူဆွတ် သဒ္ဓါ စေတနာဖြင့် ကောင်းစွာ သင်္ဂြိုဟ် ထောက်ပံ့ရခြင်းသည်လည်း ကောင်း။

(ဃ) အနဝဇ္ဇာနိ-ဒုစရိုက်ပြစ် အညစ် မထင် သန့်ရှင်းစင်ကုန်သော၊ ကမ္မာနိ စ-ကာယကံမှု, ၀စီကံမှု, မနောကံမှု တို့သည်လည်းကောင်း။

စတံ-ဤတရား ၄-ပါးသည်၊ ဥတ္တမံ- အများ လောက သမုတ်ကြသော ဒိဋ္ဌမင်္ဂလာ, သုတမင်္ဂလာ, မုတမင်္ဂလာ- စသည်တို့ထက် ဆထက်လွန်ကျူး အထူးမြင့်မြတ်သော၊ မင်္ဂလံ- လောကီ, လောကုတ္တရာချမ်းသာပွါးကြောင်း ကောင်းသော မင်္ဂလာ မည်၏။

http://www.dhammadownload.com



၆။ (က) ဒေဝတေး နတ်သား၊ ပါပါး အမျက်ထန်ခြင်း, ရန်ငြိုးဖွဲ့ခြင်း, ကျေးဇူးမဲ့ခြင်း, သူတပါးကိုမနာလိုခြင်း, ဝန်တိုခြင်း, ကောက်ကျစ်ခြင်း, စဉ်းလဲခြင်း အစရှိသော ယုတ်မာသော တရားအစုမှ၊ အာရတိ စ ကိုယ်, နှုတ်နှစ်ပြင် ဝေးစွာကြဉ်ရခြင်းသည်လည်းကောင်း၊ ဝိရတိ စ စိတ်မနောတွင် အထူးကြဉ်ရခြင်းသည်လည်းကောင်း။

(ခ) မဇ္ဇပါနာ ယစ်မျိုးငါးပါးကို သောက်စားခြင်းမှ၊ သံယမော စ စောင့်ရှောက်ရခြင်းသည်လည်းကောင်း၊

(ဂ) ဓမ္မေသု ဒါန, သီလ, ဘာဝနာစသောပုညကိရိယာ ၁၀-ပါး ကုသိုလ်တရားတို့၌၊ အပ္ပမာဒေါ စ ဘယ်ညဉ့်, နေ့မှ မေ့၍တစ် မပြုမိဟု မရှိရခြင်းသည်လည်းကောင်း။

မိခင်ဧရာဝတီ

http://www.dhammadownload.com



တော်၊ ဤတရား ၃-ပါးသည်၊ ဥတ္တမ်၊ အများလောက သမုတ်ကြသော ဒိဋ္ဌမင်္ဂလာ၊ သုတမင်္ဂလာ၊ မုတမင်္ဂလာ- စသည်တို့ထက် ဆထက်လွန်ကျူး အထူးမြင့်မြတ်သော၊ မင်္ဂလံ၊ လောကီ၊ လောကုတ္တရာချမ်းသာပွါးကြောင်း ကောင်းသော မင်္ဂလာ မည်၏။

၇။ (က) ဒေဝတေ၊နတ်သား၊ ဂါရဝေါ စ၊ ရိုသေထိုက်သောသူတို့၌ သူတပါးကို ရိုသေရခြင်းသည်လည်းကောင်း။

(ခ) နိဝါတော စ၊နှိမ့်ချထိုက်သော သူတို့၌ မိမိကိုယ်ကို နှိမ့်ချရခြင်း သည်လည်းကောင်း။

(ဂ) သန္တုဋ္ဌိ စ၊လောကသိုက်မြုံ ကာမ ဂုဏ်၌ အာရုံမကြီး တရားမှီး၍ သိမ်းဆည်းခြိုးခြံ ကံပေးသမျှ ရတတ်သရွေ့ သူတော်လေ့ဖြင့် ချမ်းမြေ့စံပယ် ရောင့်ရဲလွယ်ရခြင်း

မိခင်ရောဝတီ

http://www.dhammadownload.com



သည်လည်းကောင်း။

(ဃ) ကတညုတာ စ-ထမင်းတဆုပ် ရေတလုတ်မျှ မ, စပေးဖူး သူ့ကျေးဇူးကို အထူးကြီးကျယ်မြင်းမိုရ်နှယ်သို့ မကွယ်မပ သိတတ်ရခြင်းသည်လည်းကောင်း။

(င) ကာလေန-မကြာမကြာ အခါခါ၌၊ ဓမ္မဿဝနာ စ-ကုသိုလ်ပွဲရာ အလိမ္မာပွားကြောင်း သူတော်ကောင်းအား ဆည်းကပ်ငြား၍ တရားဓမ္မ နာခံရခြင်းသည်လည်းကောင်း။

တော်-ဤတရား ၅-ပါးသည်၊ ဥတ္တမံ- အများလောက သမုတ်ကြသော ဒိဋ္ဌမင်္ဂလာ, သုတမင်္ဂလာ, မုတမင်္ဂလာ- စသည်တို့ထက် ဆထက်လွန်ကျူး အထူးမြင့်မြတ်သော၊ မင်္ဂလံ- လောကီ, လောကုတ္တရာချမ်းသာပွါးကြောင်းကောင်းသော မင်္ဂလာ မည်၏။

မိခင်ရောဝတီ

http://www.dhammadownload.com



၈။ (က) ဒေဝတေ-နတ်သား၊ ခန္တီ စ-
ချမ်းသာတွေ့သော်လည်း မတက်ကြွ
ဒုက္ခတွေ့သော်လည်း စိတ်မပျက်
အမျက်မထန် သည်းညည်းခံရခြင်း
သည်လည်းကောင်း။

(ခ) သောဝစဿတာ စ-ဆိုဆုံးမလျှင်
ဒေါသမထင် ကျေးဇူးတင်သဖြင့်
ဆုံးမချင်ဖွယ် အလွန်လွယ်သော
စကားရှိသည်၏ အဖြစ်သည်လည်း
ကောင်း။

(ဂ) သမဏာနံ- ရဟန်းအပေါင်း သူတော်
ကောင်းတို့ကို၊ ဒဿနဥ္စ- ကြည်ဖြူ
လေးမြတ် ဆည်းကပ်ဖူးမြင်ရခြင်း
သည်လည်းကောင်း။

(ဃ) ကာလေန-မကြာမကြာ အခါခါ၌၊
ဓမ္မသာကစ္ဆာ စ-လူကောင်း,
ရှင်ကောင်း, သူတော်ကောင်းနှင့်
ပေါင်းဆုံပြေား၍ တရားကျမ်းဂန်

မိခင်ရောဝတီ

http://www.dhammadownload.com



အတန်တန်ကို ဉာဏ်သွားသန့်ရှင်း
လင်းထက်လင်းအောင် အချင်းချင်း
နှီးနှော ပြောဆိုရခြင်းသည်လည်း
ကောင်း။

ဇတ်ညွှန်တရား ၄-ပါးသည်၊ ဥတ္တမ်အများလောက သမုတ်ကြသော ဒိဋ္ဌမင်္ဂလာ, သုတမင်္ဂလာ, မုတမင်္ဂလာ- စသည်တို့ထက် ဆထက်လွန်ကျူး အထူးမြင့်မြတ်သော၊ မင်္ဂလံလောကီ, လောကုတ္တရာချမ်းသာပွါးကြောင်း ကောင်းသော မင်္ဂလာ မည်၏။

၉။ (က) ဒေဝတေနတ်သား၊ တပေါ စ ရှစ်ပါး ဥပုသ် စောင့်ချုပ် ထိန်းသိမ်းခြင်း စသော ခြိုးခြံမှုသည်လည်းကောင်း။

(ခ) ဗြဟ္မစရိယဉ္စ ကာမဂုဏ်နှင့် အာရုံ မစပ် မြတ်သော ရသေ့, ရဟန်း အကျင့်ကို ကျင့်ရခြင်းသည်လည်း ကောင်း။

http://www.dhammadownload.com



(ဂ) အရိယသစ္စာ၊ ဒုက္ခ၊ သမုဒယ၊ နိရောဓနှင့် မဂ္ဂ-ဟူသည် ဖြူစင်ဖြောင့်မတ် လွန်ထူးမြတ်သော လေးရပ်သစ္စာ နက်နဲစွာတို့ကို၊ ဒဿနဉာဏ် ပြက်ပြက်ပြင်ပြင် ဉာဏ်၌ မြင်ရခြင်းသည်လည်းကောင်း။

(ဃ) နိဗ္ဗာန သစ္ဆိကိရိယာ၊ အရှုတ္တမှန် ကိုယ်သန္တာန်၌ အမိုက်ခပင်း ကုန်ငြိမ်းခြင်းကို လင်းလင်းထင်ထင် တွေ့မြင်သမှု မျက်မှောက်ပြုရခြင်းသည် လည်းကောင်း။

ဇတ်ဥတ္တရား ၄-ပါးသည်၊ ဥတ္တမ၊ အများလောက သမုတ်ကြသော ဒိဋ္ဌမင်္ဂလာ၊ သုတမင်္ဂလာ၊ မုတမင်္ဂလာ- စသည်တို့ထက် ဆထက်လွန်ကျူး အထူးမြင့်မြတ်သော၊ မင်္ဂလာ၊ လောကီ၊ လောကုတ္တရာချမ်းသာပွါးကြောင်း ကောင်းသော မင်္ဂလာ မည်၏။

http://www.dhammadownload.com



၁၀။ (က) ဒေဝတေ-နတ်သား၊ လောက ဓမ္မေဟိ- လောကဓံတရား ရှစ်ပါး တို့နှင့်၊ ဖုဋ္ဌဿ-ခိုက်တိုက် တွေ့ကြုံ ရသော၊ ယဿ-အကြင် တာဒိ ဂုဏ်နှင့်ပြည့်စုံပေလတ် ယောကျ်ား မြတ်၏၊ စိတ္တံ-စိတ်သည်၊ နကမ္ပတိ- မတုန်လှုပ်။

(ခ) အသောကံ-ဒုက္ခမျိုးကြောင့် စိုးရိမ် ပူပန်ခြင်းလည်း မရှိ။

(ဂ) ဝိရဇံ-သုခမျိုးကြောင့် ကြိုးကြိုး ကြွကြွ စိတ်ရွှင်ပြသည့် ရာဂ ဟူသော မြူလည်းမရှိ။

(ဃ) ခေမံ-အတ္တာနုဝါဒဘေး, ပရာနုဝါဒ ဘေးတို့မှလည်း ကင်းဝေး၏။

တဿ-ထို တာဒိဂုဏ်နှင့် ပြည့်စုံပေလတ် ယောကျ်ားမြတ်၏၊ တေ-ဤတရား ၄-ပါးသည်၊ ဥတ္တမံ-အများလောက သမုတ်ကြသော ဒိဋ္ဌ မင်္ဂလာ, သုတမင်္ဂလာ, မုတမင်္ဂလာ- စသည်

http://www.dhammadownload.com



တို့ထက် ဆထက်လွန်ကျူး အထူးမြင့်မြတ်သော၊ မင်္ဂလံ= လောကီ, လောကုတ္တရာချမ်းသာပွါး ကြောင်း ကောင်းသောမင်္ဂလာ မည်၏။

၁၁။ ဒေဝတေ=နတ်သား၊ တောဒိသာနိ= ဤသို့သဘောရှိကုန်သော၊ မင်္ဂလာနိ= လောကီ, လောကုတ္တရာမင်္ဂလာတို့ကို ကတွာန= ပြည့်စုံစွာ ပြုကျင့်နိုင်ကြကုန် သည်ရှိသော်၊ သဗ္ဗတ္ထ= နေလေရာရာ ခပ်သိမ်းသော အရပ်ဒေသတို့၌၊ ပရာဇိတာ= လောကီ, လောကုတ္တရာ ချမ်းသာစီးပွါးတို့မှ ဆုံးရှုံးခြင်း မရှိနိုင်ကုန်သည်ဖြစ်၍၊ သဗ္ဗတ္ထ= နေလေရာရာ ခပ်သိမ်းသော အရပ်ဒေသ တို့၌၊ သောတ္ထိံ= ကောင်းမြတ်ချမ်းသာ မင်္ဂလာနှင့်ပြည့်စုံခြင်းသို့၊ ဂစ္ဆန္တိ= ရောက်ရ ကုန်၏၊ တေသံ=ထိုမင်္ဂလာကို ထွေလာ ဥသုံ ကြံကြကုန်သူ နတ်, လူအပေါင်း တို့အား၊ တံ=ထို ၃၈-ပါးသော တရားအပေါင်း

http://www.dhammadownload.com



သည်သာလျှင်၊ ဥတ္တမံ= အများလောက သမုတ်ကြသော ဒိဋ္ဌမင်္ဂလာ, သုတမင်္ဂလာ, မုတမင်္ဂလာ- စသည်တို့ထက် ဆထက်လွန်ကျူး အထူး မြင့်မြတ်သော၊ မင်္ဂလံ=လောကီ, လောကုတ္တရာ ချမ်းသာပွါးကြောင်း ကောင်းသော မင်္ဂလာမည်၏။

ဣတိ=ဤသို့၊ ဘဂဝါ=မြတ်စွာဘုရားသည်၊ အဝေါစ=ဟောကြားတော်မူ၏၊ ဣတိ=ဤသို့၊ သုတံ=ကြားနာအပ်၏။

မင်္ဂလသုတ် ဂါထာအနက် ပြီး၏။

ဤတွင် မင်္ဂလသုတ်နိဿယ ပြီး၏။

ဤတွင်ရွေ့ကား. . . အသက် ၂၀-အတွင်း၌ တည်ရှိကြကုန်သော ဗုဒ္ဓဘာသာအမျိုးသား သူငယ်များတို့၏ အကျိုးငှာ ကောင်းစွာ စီရင်အပ်သော လယ်တီမင်္ဂလသုတ္တန်ကျမ်းသည် အပြီးသို့ရောက်၏။

နိဂုံးပြီး၏။

*********

မိခင်ရောဝတီ

http://www.dhammadownload.com



## ဖွားတော်မူသောနေ့ စသော ခုနစ်နေ့တို့အား ရည်စူး၍ ချိုးကျူး ဖွဲ့ဆိုအပ်သော ခုနစ်နေ့ ဗုဒ္ဓဝင်ဘုရားရှိခိုးနှင့် ဆုတောင်းအမျိုးမျိုး

### ကြာသပတေးနေ့ ပဋိသန္ဓေယူ

၁။ သုံးလူ့ရှင်ပင်၊ ကျွန့်ထိပ်တင်။ ။သောင်းခွင် စကြဝဠာ၊ နတ်ဗြဟ္မာတို့၊ ညီညာရုံးစု၊ တောင်းပန်မှုကြောင့် ရတုနဂို၊ ရွှန်းရွှန်း စိုသည်၊ ဝါဆိုလပြည့်၊ ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည်။ ။ နတ်လူငြိမ်းဘို့ ကိန်းပါကို။

### သောကြာနေ့ ဖွားမြင်

၂။ သန္ဓေယူခါ၊ ဆယ်လကြာသော်၊ မဟာ သက္ကရာဇ် ခြောက်ဆဲ့ရှစ်ကြိုး ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံစီ၊ လုမ္ဗိနီ၌၊ မဟီလှိုက်ဆူ၊ ဘွားတော်မူသည်။ ။
မိခင်ဧရာဝတီ

http://www.dhammadownload.com



နတ်လူအောင်မြို့ လမ်းပါကို။

တနင်္လာနေ့ တောထွက်

၃။ ဘွားမြင်မြောက်သော်၊ ဆဲ့ခြောက်နှစ်ရွယ်၊ ပျိုနုနယ်၌၊ သုံးသွယ်ရွှေနန်း၊ သိမ်းမြန်းပြီးလစ်၊ ဆဲ့သုံးနှစ်လျှင်၊ ဘုန်းသစ်လျှံလူ၊ စံတော်မူ၍၊ ရွယ်မူနုဖြိုး၊ နှစ်ဆဲ့ကိုးဝယ်၊ လေးမျိုးနိမိတ်၊ နတ်ပြဟိတ်ကြောင့်၊ ရွှေစိတ်ငြင်ငြို၊ သံဝေပိုက၊ ဝါဆိုလပြည့်၊ ကျားမင်းနေ့ဝယ်၊ ချမ်းမြေ့ရဂုံ၊ တောရပ်လှုံသည်။ ။စုံမြိုင်ပင်ရိပ် ခမ်းမှာကို။

ဗုဒ္ဓဟူးနေ့ ဘုရားဖြစ်

၄။ တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ပျော်၍၊ ခါတော်တဖုံ၊ ပွင့်ချိန်ကြုံက၊ ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်၊ မြေ့ပရမေ၊ ပလ္လင်တွေ့ထက်၊ ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်၊ မငြိုးကြည်ဖြူ၊ နေတော်မူလျက်၊ ရန်မြူ

http://www.dhammadownload.com



ခပင်း၊ အမိုက်သင်းကို၊ အရှင်းပယ်ဖျောက်၊ အလင်းပေါက်က၊ ထွန်းတောက်ဘုန်းတော်၊ သောင်းလုံးကျော်သည်။ ။သုံးဘော်လူတို့ ပြမ်းပါကို။

စနေနေ့ ဓမ္မစကြာဟော

၅။ ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဘွား၊ ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊ မဟီ တသောင်း၊ တိုက်အပေါင်းမှ၊ ခညောင်း ကပ်လာ၊ နတ်ဗြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊ ဓမ္မ စက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဘော် ကြားသည်။ ။တရားနတ်စည် ရွှမ်းတယ်ကို။

အင်္ဂါနေ့ ပရိနိဗ္ဗာန်စံ

၆။ တရားနတ်စည်၊ ဆော်ရွှမ်းလည်က၊ သုံးမည်ဘုံသိုက်၊ တသောင်းတိုက်ဝယ်၊

မိခင်ဧရာဝတီ

http://www.dhammadownload.com



ကျွတ်ထိုက်သ သူ၊ နတ်လူဗြဟ္မာ၊ သတ္တဝါကို၊ ခေမာသောင်သို့၊ ဘောင်ကူးတို့ဖြင့်၊ ဆောင်ပို့ပြီးခါ၊ ဝါ လေးဆဲ့ငါး၊ သက်ကားရှစ်ဆယ်၊ စုံပြည့်ကြွယ်က၊ ရာလေးဆဲ့ရှစ်၊ သက္ကရာဇ်ဝယ်၊ နယ်မလ္လာတိုင်း၊ စံနိုင်းမယုတ်၊ ကုသိနာရုံ၊ အင်ကြင်းစုံ၌၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့နိဗ္ဗူ စံတော်မူသည်။ ။ဝှန်းဆူသောင်းလုံးကျော်တယ်ကို။

တနင်္ဂနွေနေ့ တေဇောခတ်လောင်

နိဗ္ဗူစံပြီ၊ ရှုမအိသား၊ သိင်္ဂီရွှေလျှော်၊ အလောင်းတော်ကို၊ ထိုရော်ကဆုန်၊ လဆုတ်ကြံ၍၊ ဂဠုန်နေ့ဝယ်၊ ခိုးငွေ့မနှော၊ ခတ်တေဇောလျှင်၊ ရှင်စောဉာဏ်စက်၊ စိဗ္ဗာန်ချက်ဖြင့်၊ လျှံတက်ကော်ရော်၊ မီးပူဇော်သည်။ ။ မွေတော်ရှစ်စိတ်ကြွင်းတယ်ကို။ ။

--မိခင်ရောဝတီ

http://www.dhammadownload.com



## ဆုတောင်း

➤ ထိုခုနစ်နေ့၊ သာချမ်းမြေ့ကို၊ ဆွေ့ဆွေ့ကြည်ဖြူ၊ အာရုံယူလျက်၊ သုံးလူ့တို့နတ်၊ မြတ်ထက်မြတ်သား၊ ကိုယ်တော်ဖျားကို၊ သုံးပါးမွန်စွာ၊ ဝန္ဒနာနှင့်၊ သဒ္ဓါဖြိုးဖြိုး၊ ကျွန်ရှိခိုးသည်။ ။ကောင်းကျိုးခပ်သိမ်း ကြွယ်စေသောဝ်။

➤ အဆုံးဘဝ၊ တိုင်ပြန်ကလည်း၊ ပညာ့အရာ၊ ဘိဓမ္မာနှင့်၊ ကြေညာကျော်ကြား၊ လူအများကို၊ တရားစည်ကြီး၊ ခြိမ့်ခြိမ့်တီး၍၊ မီးဆဲ့တစ်တန်၊ ငြိမ်းရာမှန်သည်။ ။နိဗ္ဗာန်အောင်မြို့ ရောက်စေသောဝ်။

➤ သုံးလူ့ထွတ်ထား၊ မြတ်တရားနှင့်၊ ရှစ်ပါးသံဃာ၊ ရတနာကို၊ သဒ္ဓါရှိကျိုး၊ လက်စုံမိုး၍၊ ရှိခိုးပါရ၊ ဤပုညကြောင့်၊ ဒိဋ္ဌမျက်မြင်၊ ဘဝတွင်လည်း၊ ကင်းစင်

http://www.dhammadownload.com



အန္တရာယ်၊ ကောင်းကျိုးကြွယ်လျက်၊ ဆယ်ဖြာ
အညီ၊ ပါရမီနှင့်၊ ဆယ်လီပုညှ၊ မြတ်ဓမ္မ
လည်း၊ နိစ္စရှင်ဖြိုး၊ နေ့စဉ်တိုးသည်။ ။
သက်ဝိုင်းကြာမြင့် ရှည်စေသော်။

➤ ဘဝတစ်ဘန်၊ ဖြစ်တုံပြန်လည်း၊ လေးတန်
အပါယ်၊ ရှစ်သွယ်ရပ်ပြစ်၊ ကင်းတုံလစ်၍၊
ရှင်ချစ်မြတ်စွာ၊ သာသနာလျှင်၊ ရောင်ဝါ
ထိန်ဝင်း၊ လင်းရာတမူ၊ လူကောင်း
နတ်ကောင်း၊ ဘဝကောင်း၌၊ ညွတ်ညောင်း
သန္ဓေ၊ တိဟိတ် နေ၍၊ ဆွေလယ်မျိုးလယ်၊
တန်ခိုးကြွယ်သည်။ ။ လ, နှယ် ထွန်းတင့်
ပါစေသော်။

➤ အသိအလိမ္မာ၊ ဉာဏ်ပညာနှင့်၊ သဒ္ဓါသီလ၊
သုတပြည့်ဖြိုး၊ ဂုဏ်ဟုန်ခိုးလည်း၊ အမျိုး
လေးဘော်၊ သတင်းကျော်လျက်၊ သူတော်
တို့ထုံး၊ ကျင့်သုံးတရား၊ အမှားမလိုက်၊
မိခင်ရော ဒိ

http://www.dhammadownload.com



စရိုက်စင်ဖြူ၊ အလှူရေစက်၊ လက်နှင့်မကွာ၊ ရှစ်ဖြာဥပုသ်၊ မယုတ်ကြိုးစား၊ လေးပါး ပြဟ္မစိုရ်၊ ရွှန်းရွှန်းစိုသည်။ ။ကုသိုလ် ကိုယ်လုံး ထုံစေသော်။

➢ ပတ္တမြားပလ္လင်၊ ကံ့ကော်ပင်ဝယ်၊ ငါးအင် မာရ်စစ်၊ အောင်ပွဲလှစ်၍၊ ခေတ်ဇာတိလုံး၊ သိမ့်သိမ့်ချိုးလျက်၊ ရွှေဘုန်းစိုက်ထူ၊ ပွင့် တော်မူသား၊ သုံးလူ့သခင်၊ မိတေးရှင်ကို၊ မျက်မြင်ဖူး၍၊ အထူးကြည်ညို၊ ဘုန်းရိပ် ခိုသည်။ ။မဂ်-ဖိုလ်-နိဗ္ဗာန် ရောက်စေ သော်။

အမျှဝေ

➢ သုံးလူ့ထွတ်ထား၊ မြတ်တရားနှင့်၊ ရှစ်ပါး သံဃာ၊ အရိယာအား၊ ရတနာမိုယ်း၊ ရွာ သွန်းဖြိုးသို့၊ ကိုးပါးခြောက်စုံ၊ ကိုးရပ်ဂုဏ်ကို၊ အာဂုံခိုးကျူး၊ နှုတ်လျှာမြူး၍၊ ကြည်နူးဆွဆွ၊

http://www.dhammadownload.com

၁၄၆ သုကုမာရမဂ္ဂဒီပနီ

ရှိခိုးရသည့်၊ ပုညကုသိုလ်၊ အဘိုကိုလျှင်၊ မွေးမိခင်နှင့်၊ ဖခင်ဆရာ၊ ဉာတကာက၊ သတ္တဝါအများ၊ နတ်တို့အားလည်း၊ ရငြားပါစေ၊ မျှပေးဝေသည်။ ။ကောင်းထွေ သာခု ခေါ်စေသောဝ်။

ခုနစ်နေ့ ပုဒ္ဓဝင်ဘုရားရှိခိုးနှင့်
ဆုတောင်းများပြီး၏။

*********

မိခင်ရောဝတီ